စိတ်ကူးချိုချိုအနုပညာ

# မြန်မာ့ရာသီ ဆယ့်နှစ်လနှင့် ယဉ်ကျေးမှုဓလေ့ ပွဲတော်များ

ဦးသိန်းအောင် (မြန်မာစာ)



mgyoe.com

မြန်မာတို့သည် တစ်နှစ်တာပတ်လုံး
တစ်ဆယ့်နှစ်လလုံး ထူးခြားစွာ
ရာသီအလိုက် လအလိုက်
ရိုးရာဓလေ့ယဉ်ကျေးမှုပွဲတော်များ
ဆင်ယင်ကျင်းပလေ့ရှိရာ
အဆိုပါ ထုံးတမ်းအလေ့အထများ၊
ကျင်းပလာသည့် ရည်ရွယ်ချက်များ၊
ရှေးစာဆို ခေတ်စာဆိုတို့၏ အဖွဲ့အနွဲ့များ၊
ရာသီနက္ခတ်ဂြိုဟ်တာရာများ စသည်ဖြင့်
ပြည့်ပြည့်စုံစုံ လေ့လာစုဆောင်း
ရေးသား တင်ပြထားပါသည်။




ISBN 9789997112644
SS513
9 789997 112644
2,000.00KS

mgyoe.com

မြန်မာ့ရာသီဆယ့်နှစ်လနှင့်ယဉ်ကျေးမှုဓလေ့ပွဲတော်များ ဦးသိန်းအောင်(မြန်မာစာ)
စာမျက်နှာ ၂၁၁ မျက်နှာ၊ ၁၂·၈ စင်တီ× ၁၈·၅ စင်တီ

စာမူမူပိုင် - စိတ်ကူးချိုချို®

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၅၊ စက်တင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# မြန်မာ့ရာသီ ဆယ့်နှစ်လနှင့် ယဉ်ကျေးမှုဓလေ့ ပွဲတော်များ

ဦးသိန်းအောင်(မြန်မာစာ)

ပထမအကြိမ်၊ ၂၀၁၅


mgyoe.com

mgyoe.com

mgyoe.com


mgyoe.com

## မြန်မာ့တစ်ဆယ့်နှစ်လရာသီရုပ်များနှင့်
## နက္ခတ် တာရာပုံများ




mgyoe.com

mgyoe.com




mgyoe.com



mgyoe.com

# တန်ခူးလ

## တန်ခူးလသင်္ခိပ်

**ဝေါဟာရနှင့် ဉဿုံအဖွင့်**

| | | |
|---|---|---|
| ရာသီလအမည် | = | တန်ခူးလ (ဧပြီလ) |
| (နှစ်ပြောင်းသည့်လ၊ နှစ်ကူးသည့်လ) | | |
| ရာသီအမည် | = | မိဿရာသီ |
| ရာသီပွဲတော် | = | သင်္ကြန်ပွဲ၊ နှစ်သစ်ကူးပွဲ |
| ရာသီပန်း | = | ကံ့ကော်ပန်း၊ ပိတောက်ပန်း၊ ငုပန်း၊ ရင်ခတ်ပန်း |
| ရာသီနက္ခတ် | = | အဿဝဏီ၊ ဘရဏီ၊ ကြတ္တိကာတစ်ပါဒ် |
| စန်းယှဉ်နက္ခတ် | = | စိတြနက္ခတ် |
| ရာသီရုပ် | = | ဆိတ်ရုပ် |
| ရက်ရာဇာ | = | ဗုဒ္ဓဟူးနှင့်သောကြာ |
| ပြဿဒါး | = | ကြာသပတေးနှင့်စနေ |

mgyoe.com

mgyoe.com


| | | |
|---|---|---|
| နာရီစက် | = | နေ့နာရီ ၃၀၊ ညနာရီ ၃၀ |
| တာရာ | = | တံငါတာရာ |
| မွန်းတည့် | = | ၃ဘ၀ါး |
| ရက် | = | ရက်မစုံသောလ (၂၉ ရက်) |

**တန်ခူးဟူသည်** ... တန်ခူးလသည်ကား... မြန်မာတို့၏ ၁၂ လ ရာသီလ၏ အဦးအစလပင်ဖြစ်ပေသည်။ ရာသီတွင် ပူပြင်းခြောက်သွေ့သော နွေရာသီတွင် ကျရောက်သဖြင့် အပူဒီဂရီ ၄၈° အထက်ပင် ကျော်လွန်နေသေးသည်။ အပူရှိန်လွန်ကဲသောကြောင့် "တန်ခူးရေကုန်၊ ကဆုန်ရေခန်း" ဆိုသည့် စကားအရာနှင့်အညီ အင်း၊ အိုင်၊ ချောင်း၊ မြောင်းများ၊ ကန်များ၊ ရေခန်းခြောက်စပြုကြသည်။

တန်ခူးလကိုမြန်မာမှုအရ မိဿရာသီခေါ်တွင်၍ ထိုလတွင် စန်းပြည့်နက္ခတ်မှာ စိတြနက္ခတ်ဖြစ်ပြီး၊ ယှဉ်သောတာရာမှာ တံငါတာရာဖြစ်သည်။ ရာသီရုပ်ကား...ဆိတ်ရုပ်ဖြစ်လေ၏။ ရာသီပန်းအဖြစ် အဓိကစံနှုန်းပန်းမှာ ကံ့ကော်ပန်းပင်ဖြစ်သည်။ ထိုလတွင် ရာသီပွဲတော်အဖြစ် နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသောသင်္ကြန်ပွဲတော်ကို ဆင်နွှဲကြသည်။

တန်ခူးလတွင် ပဒေသရာဇ်ခေတ်သုံး မြန်မာနေ့နာရီ ၃၀ နာရီရှိပြီး၊ ညဥ့်နာရီ ၃၀ နာရီရှိ၍ နေ့တာနှင့်ညတာ တူညီသောလလည်းဖြစ်သည်။ ရှေးမြန်မာတို့၏ စံတော်ချိန်သတ်မှတ်ချက်အရ နေ့မွန်းတည့် ၃–ဘ၀ါးရှိသောလဖြစ်သည်။ တန်ခူးလကို ပုဂံခေတ်တွင် "တန်ခူ" ဟူ၍ ရေးသားထားကြောင်း ကျောက်စာများတွင်တွေ့ရသည်။ အင်း၀ခေတ်သို့ ရောက်မှသာ "တန်ခူး" ဟုရေးသားလာကြောင်း တွေ့ရသည်။ တန်–ပုဒ်သည်ပါဠိဘာသာ "တာလ" ပုဒ်မှ ဆင်းသက်လာ၍ "ထန်း" ဟု အဓိပ္ပာယ်ရသည်။

mgyoe.com

mgyoe.com


"ခူး" ပုဒ်သည်... ပန်းခူး၊ ဟင်းရွက်ခူး၊ ဆွတ်ခူးစသည့် ဝေါဟာရတို့တွင် ပါဝင်နေလေရာ "ဆွတ်ခြွေခြင်း" အဓိပ္ပာယ်ဖြစ်သည်။ ထို့ကြောင့် တန်ခူးလဆိုသည်မှာ (ထန်းခူး) သောလ၊ ထန်းသီးဆွတ်ခြွေသောလဟုအဓိပ္ပာယ်ဖြစ်သည်။ ရှေးခေတ်–ပဒေသရာဇ်တို့၏ မင်းနေပြည်တော်များသည် အထက်အညာဒေသဖြစ်သော ဗိဿနိုး၊ သရေခေတ္တရာ၊ ပုဂံ၊ အင်းဝ၊ အမရပူရ၊ မန္တလေးစသည်တို့၌ မြို့တည်နန်းစိုက်ခဲ့ကြသည်။ မြန်မာ့လူမှုစီးပွားရေးနှင့် ယဉ်ကျေးမှုအဖြာဖြာသည်လည်း မင်းနေပြည်တော်များကို ဗဟိုပြု၍ ထွန်းကားခဲ့ခြင်းဖြစ်သည်။

ထိုအထက်အညာဒေသများသည် ထန်းပင်ဖြစ်ထွန်းပေါ်များရာဒေသများလည်းဖြစ်သည်။ ထန်းပင်တစ်ပင်လုံးသည် လူသုံးကုန်အဖြစ် အသုံးဝင်လျက် သူ့နေရာနှင့်သူအကျိုးရှိစွာ သုံးစွဲကြလေ့ရှိသည်။ ထန်းလျက်ခဲ၊ ထန်းလျှော်၊ ထန်းခေါက်ဖာ၊ ထန်းခေါက်တောင်း၊ ထန်းရည်၊ ထန်းရွက်အမိုး၊ ထန်းရွက်အကာ၊ ထန်းလုံးတံတား၊ ထန်းလုံးတိုင်အပြင် ထန်းလုံးအမြောက်အထိ ချဲ့ထွင်သုံးစွဲကြသည်။ သို့ကြောင့်ပင်... မြန်မာ့လူ့အဖွဲ့အစည်းကို အကျိုးပြုလှသည့် ထန်းအားဂုဏ်ပြုသောအားဖြင့် "ထန်းခူး" လ၊ တန်ခူးလ...ဟု ခေါ်ဝေါ်လာကြခြင်းဖြစ်သည်။

သက္ကရာဇ် ၅၈၅ ခုနှစ်ရေးထိုးသော "မင်းအနန္တသူ" ကျောက်စာတွင်...

"ငါလေသိစပ်မြင်နှံ့သော သဗ္ဗညုတဉာဏ်ဘုရားဆုကိုလိုချင်သောကြောင့်၊ ဤအာမနာမည်သော ကန်အရပ်နှိုက်ကား၊ များစွာသောထန်းပင်တိုလျှင် ကျောင်းအရံစိုက်လတ်၍၊ အုတ်တိုပြုသော တည်တိုင်လေ နှစ်ထပ်ရံလပ်၍..."

ဟူ၍ ရေးထိုးထားသည်ကို တွေ့ရသည်။ ယင်းကျောက်စာအဆိုအရ ကျောင်းအရံကို ထန်းပင်များစိုက်၍ ထားခဲ့ကြောင်း သိရသည်။

mgyoe.com

mgyoe.com


ပုဂံညောင်ဦးဒေသသည် ထန်းမှာစီးပွားရေးဖြစ်၍ ကျောင်းအရံ၌ ထန်းပင်စိုက်ခြင်းအမှုမှာ အရံအတားအတွက် ထန်းပင်စိုက်ထားခြင်းမဖြစ်နိုင်ပေ။ ထိုထန်းပင်များကို အကြောင်းပြုပြီးလျှင် ထန်းလျက်လုပ်ငန်းလုပ်ကိုင်ရန်နှင့် ထိုလုပ်ငန်းမှ ရရှိသောဝင်ငွေဖြင့် ကျောင်း၊ ဘုရားဝေယျာဝစ္စများ ဆောင်ရွက်ရန် စိုက်၍လှူဒါန်းခြင်းဖြစ်ပေမည်။

ထန်းခူးလ၊ တန်ခူးလ၌ ထန်းဖိုရင့်နှင့် ထန်းမနှစ်မျိုးကို တစ်ပြိုင်တည်းပေါင်း၍ ကူး၍လှီးခူးနိုင်သော "ထန်းမြိုင်" သည့်လအဖြစ် သတ်မှတ်ကြသည်။

တန်ခူးလနှင့်ထန်းသည် ထပ်တူကျသော ပုံရိပ်တစ်ခုဖြစ်သည်။ ထန်းသည် ပုဂံခေတ်မှစတင်ပြီး ယနေ့အထိ မြန်မာတို့၏စီးပွားရေးနယ်ပယ်တွင် တွင်ကျယ်နေဆဲရှိသေးသည်။ ထို့ကြောင့်လည်း ရှေးအခါက စေတီဘုရားတည်ထားကိုးကွယ်ခြင်း၊ ကျောင်းဆောက် လှူဒါန်းခြင်း၊ ရေတွင်းရေကန်တူးဖော်ခြင်းစသော ကုသိုလ်ကောင်းမှုပြုလုပ်သောအကြောင်း ကမ္ပည်းရေးထိုး၊ မှတ်တမ်းပြုကြရာ၌ "ထန်းပင်ပေါင်းတစ်ထောင်ကိုလည်း စိုက်ပျိုးပါ၏" ဟူ၍ ထည့်သွင်းဖော်ပြကြသည်။

ယင်းကိုထောက်ရှုခြင်းအားဖြင့် ထန်းသည်မြန်မာတို့၏ လူ့ဘဝ၌များစွာအရေးပါခဲ့ကြောင်း ထင်ရှားသည်။ အရေးပါသည့်အလျောက်ထန်းပင်၏ အသုံးဝင်ပုံမှာလည်း ပင်လုံးတစ်မျှဖြစ်ပေသည်။ အသီး၊ အရွက်၊ အခက်၊ အလက်၊ ပင်စည်၊ အမြစ်မကျန်အသုံးဝင်ခဲ့သည်။ လွှင့်ပစ်ရသည်ဟူ၍မရှိ။ ထန်းနို့၊ ထန်းလက်ပင်လျှင် ထင်းအဖြစ်အသုံးဝင်ခဲ့သည်။

ထန်းပင်ထိပ်ဖျားမှ ထန်းဖူးနုနုကလေးများကို "ကျိုးမနား" ထန်းရွက်ဟုခေါ်သည်။ ယင်းကို ရှေးမြန်မာကြီးများနှင့် ရဟန်းသံဃာတော်

mgyoe.com

mgyoe.com

တို့က ရေးမှတ်–မှတ်သားစရာအဖြစ် အသုံးပြုရသည်။ ရက်ချုပ်၊ ဓာတာ (ပေရွက်စာ) ထန်းစာ စသည်တို့ကို နစဉ်အခါ၌ အသုံးပြုပြီး ကြီးရင့်လာသောအခါ ထန်းရွက်အားအဆောက်အဦများ၊ တဲများအတွက် မိုးရန်၊ ကာရန်အသုံးပြုကြသည်။ ထန်းလက်ကျောသားနှင့်အူကို လျှော်အဖြစ် အသုံးချနိုင်သည်။ ကြိုးကျစ်၍သုံးနိုင်သည်။ ထန်းလက်မှ ဝမ်းပိုက်သားအား ထန်းဖျာ၊ ထန်းခေါက်ဖာ၊ တောင်း၊ နွားပခြုပ် စသည်များရက်လုပ်အသုံးချနိုင်သည်။

ထန်းရည်ကိုထန်းရည်ချိုအဖြစ်လည်းကောင်း၊ သည်အတိုင်း သောက်သုံးနိုင်သည့်ပြင်၊ အပူပေးပြီးလည်းသောက်သုံးနိုင်သည်။ ပြုပြင်ပြီး ထန်းရည်ခါးအဖြစ်လည်း သောက်သုံးနိုင်သည်။ ထန်းရည်ကို ကျိုချက်လိုက်သောအခါ ထန်းလျက်ရရှိသည်။ ထန်းလျက်အဖြစ် ချက်လုပ်စဉ် မပျစ်မကျဲအခြေအနေ၌ ခပ်ယူပြီး "သကာ" အဖြစ်လည်းကောင်း၊ "တင်လဲ" အဖြစ်လည်းကောင်း အသုံးချနိုင်သည်။ ထန်းလျက်–သကာနှင့် တင်လဲတို့သည် မြန်မာတို့၏ မုန့်ထဲတွင် ရောစပ်အသုံးပြုကြရသည်။ ထို့အပြင် ထန်းလျက်ကိုတစေးဖောက်ပြီး ချက်လုပ်သော ထန်းလျက်အရက်မှာ အလွန်အဆင့်မြင့်သည်။ ထန်းသီးမှာလည်း အရည်တည်စမှစ၍ လူတို့စားသုံးနိုင်ပြီး အသီးနုများကို နွားစားရန် စဉ်း၍ကျွေးနိုင်သည်။

ထန်းသီးဆံကို ဟင်းချက်စားခြင်း၊ မှည့်သောထန်းသီးမှ အနှစ်အကာကို ဆန်မုန့်နှင့်ရော၍ မြန်မာမုန့် (ထန်းသီးမုန့်) အဖြစ်လုပ်လွှင့်ပစ်ရသည်ဟူ၍မရှိ။ ထန်းနို့၊ ထန်းလက်ပင်လျှင် ထင်းအဖြစ်အသုံးဝင်ခဲ့သည်။

ထန်းပင်ထိပ်ဖျားမှ ထန်းဖူးနုနုကလေးများကို "ကျီးမနား" ထန်းရွက်ဟုခေါ်သည်။ ယင်းကို ရှေးမြန်မာကြီးများနှင့် ရဟန်းသံဃာတော်

mgyoe.com

mgyoe.com


တို့က ရေးမှတ်–မှတ်သားစရာအဖြစ် အသုံးပြုရသည်။ ရက်ချုပ်၊ ဇာတာ (ပေရွက်စာ) ထန်းစာ စသည်တို့ကို နှစ်စဉ်အခါ၌ အသုံးပြုပြီး ကြီးရင့်လာသောအခါ ထန်းရွက်အားအဆောက်အဦများ၊ တဲများအတွက် မိုးရန်၊ ကာရန်အသုံးပြုကြသည်။ ထန်းလက်ကျောသားနှင့်အူကို လျှော်အဖြစ် အသုံးချနိုင်သည်။ ကြိုးကျစ်၍သုံးနိုင်သည်။ ထန်းလက်မှ ဝမ်းပိုက်သားအား ထန်းဖျာ၊ ထန်းခေါက်ဖာ၊ တောင်း၊ နွားပခြုပ် စသည်များရက်လုပ်အသုံးချနိုင်သည်။

ထန်းရည်ကိုထန်းရည်ချိုအဖြစ်လည်းကောင်း၊ သည်အတိုင်း သောက်သုံးနိုင်သည့်ပြင်၊ အပူပေးပြီးလည်းသောက်သုံးနိုင်သည်။ ပြုပြင်ပြီး ထန်းရည်ခါးအဖြစ်လည်း သောက်သုံးနိုင်သည်။ ထန်းရည်ကို ကျိုချက်လိုက်သောအခါ ထန်းလျက်ရရှိသည်။ ထန်းလျက်အဖြစ် ချက်လုပ်စဉ် မပျစ်မကျဲအခြေအနေ၌ ခပ်ယူပြီး "သကာ" အဖြစ်လည်းကောင်း၊ "တင်လဲ" အဖြစ်လည်းကောင်း အသုံးချနိုင်သည်။ ထန်းလျက်–သကာနှင့် တင်လဲတို့သည် မြန်မာတို့၏ မုန့်ထဲတွင် ရောစပ်အသုံးပြုကြရသည်။ ထို့အပြင် ထန်းလျက်ကိုတစေးဖောက်ပြီး ချက်လုပ်သော ထန်းလျက်အရက်မှာ အလွန်အဆင့်မြင့်သည်။ ထန်းသီးမှာလည်း အရည်တည်စမှစ၍ လူတို့စားသုံးနိုင်ပြီး အသီးနုများကို နွားစားရန် စဉ်း၍ကျွေးနိုင်သည်။

ထန်းသီးဆံကို ဟင်းချက်စားခြင်း၊ မှည့်သောထန်းသီးမှ အနှစ်အကာကို ဆန်မုန့်နှင့်ရော၍ မြန်မာမုန့် (ထန်းသီးမုန့်) အဖြစ်လုပ်နိုင်ခြင်း၊ ထန်းစေ့ခွံအား ပန်းအလှ၊ ကနုတ်ကွက်အလှများ ဖော်ဆောင်၍ဆေးဘူး၊ဆားဘူး၊လက်ဖက်ဘူးစသည့်လူ့အသုံးအဆောင်ဘူးကလေးများအဖြစ် လုပ်ဆောင်အသုံးပြုနိုင်သည်။ ထန်းသီးမှည့်ကိုစိုက်ပျိုး၍ အပင်ဖောက်ပြီးလျှင် ထန်းပင်ပေါက် (ထန်းမြစ်) အဖြစ် စားသုံးနိုင်

mgyoe.com

mgyoe.com


သေးသည်။

ထန်းလျက်အရင်းနှင့် ပင်စည်အကြားတွင် သဘာဝ"သံဆန်ခါ" ခေါ်တွင်သည့် "ထန်းစစ်' ဟူ၍လည်းရှိသေးသည်။ပုံသဏ္ဍာန်မှာ သံဆန်ခါကွက်စိပ်ကဲ့သို့ဖြစ်ပြီးအရွယ်အစားမှာတစ်ပေပတ်လည်ဝန်းကျင်ခန့်ရှိသည်။ ယင်းကို ထန်းရည်စစ်ရာတွင်လည်းကောင်း၊ တံမြက်စည်းလှည်းရန်အလို့ငှာလည်းကောင်း သုံးစွဲနိုင်သည်။ ထန်းပင်၏ပင်စည်ကို အလျားလိုက်ထက်ခြမ်းခွဲကာ အတွင်းသားအူကို ထုတ်ပစ်လိုက်ပြီး ရေတံလျှောက်အဖြစ်လည်းကောင်း၊ ရေတင်ရာတွင် အသုံးပြုသောမြောင်းလမ်းအဖြစ်လည်းကောင်း အသုံးပြုနိုင်သည်။

ထို့အပြင် အလိုရှိသောအရွယ်အစားရအောင် စိတ်ဖြာ၍ အိမ်၏ထုတ်၊ ယောက်၊ ယပ်မ၊ တန်း၊ တိုင်အဖြစ် အသုံးပြုနိုင်သည်။ ထန်းသားသည် မြေစာတ်နှင့် မတည့်သဖြင့် ဆွေးလွယ်၊ ပျက်လွယ်သည် ဖြစ်ရာ တိုင်အဖြစ်မှအပ အခြားအိမ်၏နေရာအသီးသီးတွင် ပါဝင်အသုံးပြုကြသည်။ ထန်းပင်၏အမြစ်ကလေးများသည် အဖျားဖြတ်ဆေးဖော်စပ်ရာတွင် မြန်မာတို့အသုံးပြုကြသည်။

ထန်းသည်မြန်မာတို့နှင့် မကင်းသော သဘာဝပေါက်ပင်တစ်မျိုးဖြစ်သည်။

**လတန်ခူးနှင့် စာဆိုတို့အတွေး**

– တန်ခူးမိဿ–စိတြ၊ လနှင့်ယှဉ်ပြိုင်ထွန်း။

– ရင်ခတ်၊ ကံ့ကော်၊ ထုံသင်းပျော်ပွဲတော်အထာညွှန်း။

(ကင်းဝန်မင်းကြီးဦးကောင်း)

mgyoe.com

mgyoe.com


တန်ခူးလ၏ဝိသေသလက္ခဏာများမှာ... မိဿရာသီ၊ စိတြနက္ခတ်၊ တံငါတာရာ၊ ဆိတ်ရာသီရုပ်၊ ကံ့ကော်ပန်းနှင့် ရင်ခတ်ပန်း သင်္ကြန်ပွဲတို့ဖြစ်ကြသည်။ ဤလတွင် ပိတောက်ရွှေဝါတို့သည်လည်း ပင်လုံးညွတ်မျှဝေဆာပွင့်ဖူးကြသည်။ ပိတောက်နှင့်အပြိုင် ငုပန်းတို့ကလည်း ထိန်ထိန်ဝင်းလျက် ပွင့်ဖူးကြသည်။ ထို့ကြောင့် စာဆိုရှင်ဦးကြော့က "လတန်ခူးပေမို့၊ အလှထူးပါဘိ၊ မြမြဖူးရယ်တဲ့ခိုင်ရွှေဝါ..." ဟူ၍ ဖွဲ့ဆိုခဲ့သည်။ အလှထူးသော လတန်ခူးမည်ပါပေသည်။

တန်ခူးလသည် နွေရာသီတွင်ပါဝင်ပေသည်။ တပေါင်းလ၏ အဆက်ကဲ့သို့ဖြစ်ပြီး ဆောင်းရာသီတွင် တိုက်ခတ်ခဲ့သော မြောက်လေကို တောင်လေကတုံ့ပြန်လိုက်သော အခါသမယဖြစ်သည်။ ဤလေသည် ရော်ရွက်ဝါတို့ကို ခြွေချသည်။ ရွက်သစ်များဖြင့် ပုရစ်ဖူးကလေးများဖြင့် အလှဆင်ရန်အားယူကြသည်။ နွေ၏တေးသံရှင်ဖြစ်သော ဥဩငှက်တို့သည်လည်း ဤတန်ခူးလတွင် သံချိုခွန်းဆင့်ကြကုန် သည်။ ထို့ကြောင့် ယောအတွင်းဝန်ဦးဘိုးလှိုင်က "ဥတုဘောဇန သင်္ဂဟကျမ်း" တွင် ဤသို့ဖွင့်ဆိုထားခဲ့သည်။

**"တပေါင်းတန်ခူးနှစ်လတို့သည် ဝသန္တဥတုမည်၏။ လောက သည်စဉ်းငယ်ပူ၏။ ကောင်းကင်ကြည်လင်၏။ အရွက်နုတို့ဖြင့် သစ်ပင်တို့သည် တင့်တယ်ကုန်ကြလေ၏။ ပေါက်၊ ချယား၊ သော်က၊ သရဖီအစရှိသောပန်းတို့သည် ပွင့်ကုန်၏။ ဥဩငှက်များ၊ ပျားပိတုန်းတို့ဖြင့် ပြွမ်းကုန်၏။ တောင်လေလာ၏။"**

ပူပြင်းသောကြောင့် မိုးနည်းရေရှားဒေသများတွင် ရေတို့ခန်းခြောက်စပြုလာကြသည်။ ထို့ကြောင့် "တန်ခူးရေကုန်၊ ကဆုန်ရေခန်း" ၏ စံပမာပြုစကားလက်သုံးထားရှိကြသည်။ သို့သော် တစ်ခါတစ်ရံ

mgyoe.com

mgyoe.com


၌ မိုးရွာတတ်ပေသေးသည်။ တန်ခူးလရွာသောမိုးကို သင်္ကြန်ကာလ နှင့် တိုက်ဆိုင်သဖြင့် "သင်္ကြန်မိုး" ဟူ၍လည်းကောင်း၊ ဖက်ဆွတ်မိုး ဟူ၍လည်းကောင်း ခေါ်ကြသည်။

"တန်ခူးမည်မှတ်၊ ဖက်ဆွတ်ရေတိုး၊ သင်္ကြန်မိုး" ဟူ၍ စာဆိုပြု ကြသည်။ တန်ခူးလတွင် ရွာသောမိုးသည် ဆောင်းနှောင်းနှင့် နွေဦး က တောအနှံ့တောင်အနှံ့ကြွေကျထားသော သစ်ရွက်ခြောက်တို့ကို တွန်းတိုက်စီးဆင်းရ၏။ ထို့ကြောင့် ထိုရေသည် နီသောအဆင်းဖြင့် ချောင်းများ၊ မြစ်များသို့ စီးဝင်သည်။ ဤရေကို သောက်မိပါက ငှက် ဖျားရောဂါရတတ်သည်ဟု ရှေးအခါက အယူရှိကြသည်။ ထို့ကြောင့် ထိုရေကို မသောက်ကောင်းဟုသဘောထားကာ "ဖက်ဆွတ်မြူလို့၊ ရေဦး ချိုလျှင်၊ ရူးပါပြီခင်လေး" ဟု တောင်နန်းမတော် ရေးသားသော တေးထပ် တစ်ပုဒ်တွင် တွေ့နိုင်သည်။

မန်လည်ဆရာတော်ဘုရားကြီးကလည်း တန်ခူးလတွင် ရွာသော ဖက်ဆွတ်မိုးရေကို မသောက်ကောင်းကြောင်း မဃဒေဝလင်္ကာကြီး၌ "ဖက်ဆွတ်ရေမျိုး၊ မချိုးသောက်ရာ" ဟု မိန့်တော်မူခဲ့သည်။ ထိုဖက် ဆွတ်ရေကိုပင် "လောင်သင်းရေ" ဟု ခေါ်ပြန်သေးသည်။ အဘယ့် ကြောင့် ဤသို့ခေါ်ဆိုရနည်းဟူမူ... တပေါင်း၊ တန်ခူးလများတွင် တောင် ယာလုပ်ကိုင်သူတို့သည် တောင်ယာကို မီးရှို့ကြရာ သစ်ပင်ကြီးငယ် နှင့် ချုံနွယ်ပိတ်ပေါင်းများမီးလောင်၍ အောက်မှမြေကြီးမှာမူ မီးအပူ ဖြင့် ကျက်တော့သည်။

ကျက်နေသော မြေပြင်ပေါ်ရှိ သစ်ရွက်ပြာများပေါ်သို့ မိုးရွာချ သောကြောင့် စီးဆင်းလာသောရေသည် "လောင်သင်းရေ" ဖြစ်ပေ သည်။ တစ်နည်းအားဖြင့် "ပြာရေ" တို့ပင်ဖြစ်သည်။ ထိုပြာရေစီးဆင်း သော်... မြစ်ချောင်းအင်းအိုင်အတွင်းရှိ ငါး၊ ပုစွန်တို့ မူးဝေအဆိပ်သင့်

mgyoe.com

mgyoe.com



လျက် သေကျေကြကုန်၏။ မြေကျက်နံ့ကလေးသင်းနေသော ထို လောင်သင်းရေကို မသောက်မိရန် ယောမင်းကြီးဦးဘိုးလှိုင်၏ ဥတုဘောဇနသင်္ဂဟကျမ်းတွင် ဤသို့ဖွင့်ဆိုထားခဲ့ပြန်သေးသည်။

"ဝသန္တဥတု၊ ဂိမှဥတုတို့၌ လောင်သင်းရေ၊ ဖက်ဆွတ်ရေကျသော ကြောင့် မြစ်ရေ၊ ချောင်းရေတို့ကို မချိုးမသောက်ကောင်းဟု ဆေး ကျမ်းတို့တွင်ဆို၏" ဟု သတိပေးထားသည်။

ရှေးစာဆိုတစ်ဦး၏ လေးချိုးတစ်ပုဒ်တွင်... "သဲစသောင်ခြေ၊လောင် သင်းရေနှင့်၊ ငှက်တွေစုံလှယ်၊ မောင်ချင်းမယ်တို့၊ သွယ်သွယ်မူနည်၊ ပူပွဲစည်အောင်..." စသည်ဖြင့် "လောင်သင်းရေ" ကို ထည့်သွင်းစပ် ဆိုထားကြောင်း တွေ့ရသည်။ အချို့အရပ်တွင်ကား ....ထိုလောင် သင်းရေ၊ ဖက်ဆွတ်ရေကို "ပြာရေ" ဟု ခေါ်ကြကြောင်း တွေ့ရပြန် ပေသေး၏။ မီးလောင်ပြာများပါဝင်သောကြောင့်လည်းကောင်း၊ မီး လောင်ပြင်ကိုဖြတ်သန်းတိုက်စားလာရသောကြောင့်လည်းကောင်း ပြာရေဟုခေါ်ကြခြင်းဖြစ်သည်။ ထိုပြာရေဆိပ်သည် ယားယံခြင်း၊ အပူ လောင်ခြင်း၊ စပ်ခြင်းစသည့်ဒုက္ခကို ခံစားရပေသည်။

တန်ခူးလတွင် ရွာဖျန်းသောမိုးသည် သည်းထန်စွာရွာတတ်ခြင်း မရှိလှဘဲ စွတ်စိုရုံလောက်သာ ရွာတတ်သောသဘောရှိ၍ သင်္ကြန် လက်ဆေးမိုးဟူ၍လည်းကောင်း၊ မိုးပုလဲဟူ၍လည်းကောင်း တင်စား ခေါ်ဝေါ်ကြသည်။ အတာနှစ်ကူးသောသင်္ကြန်ပွဲကို ဆင်နွှဲကြရင်း လောင်းပက်ကစားကြသော သီတာရေတာရေစင်နှင့်အပြိုင် ရွာသွန်း ပက်ဖျန်းတတ်သည်။ လတန်ခူး၏အပူရှိန်တွင် သစ်ရွက်ကလေးများ ခံစားနေရပုံအား ရှင်ဥတ္တမကျော်၏ တောလားတစ်ပုဒ်တွင် ဤသို့ စီခြယ် ထားကြောင်း တွေ့ရသည်။

mgyoe.com

mgyoe.com


"သဘင်ဂိမှာန်၊ တာသကြ်န်ဟု၊ လေပြန်လွှင့်ကူ၊
ဘုံသစ်ထူ၍၊ ဥဏှာဂူနတ်၊ ဖလ်ရဟတ်လည်း၊
သဟာသရောင်၊ ခြည်တစ်ထောင်ဖြင့်၊ ပြောင်ပြောင်ဝင်း
ထိန်၊ အာဏာနှိမ်လျက်၊ ပြင်းရှိန်အနွ၊ ဂုဏ်စွမ်းပြသော်၊
လေခမြေသက်၊ ဈာန်ဝိတက်သို့၊ သစ်ရွက်ရော်ရီ၊
ဣန္ဒနီဝယ်၊ သီဂိတစ်ဝက်၊ ဖက်၍ဆေးစုံ၊
ခြယ်သောပုံသို့၊ ရဂုံမြိုင်တွင်း၊ တောလုံးလင်းသား..."

ဟူ၍ဖြစ်သည်။ စာဆိုတို့သည် အလှထူးသောလတန်ခူး၏ သဘာဝအခြေအနေတို့ကို ခေတ်အလိုက်နှစ်ခြိုက်ဖွယ်ဖြစ်အောင် ရေးဖွဲ့ခဲ့ကြသည်။

ပြည်နဝဒေးကြီးက...

"ရာသီမိဿ၊ တန်ခူးလဝယ်၊ စိတြကြယ်
ရောင်နီကယ်လျက်၊ မိုးလံစံပျော်၊ ထွန်းလာပေါ်က၊
ကုံကော်–ရင်ခတ်၊ ပင်လုံးညွတ်၍၊ ပွင့်ဝတ်ဖူးငုံ၊
လွမ်းပွဲပုံရှင့်" ဟူ၍ရာသီ၊ နက္ခတ်၊ ပန်းတို့ဖြင့် လွမ်းဆွတ်ဖွယ် ဖြစ်သည်ကို ရေးဖွဲ့ခဲ့သည်။

စာပေရေးသီရာတွင် ကျွမ်းကျင်သည့်နည်းတူ ဗေဒင်အရာ၌လည်း ကျွမ်းကျင်ခဲ့သည့် "ဦးကြင်ဥ" သည်လည်း တန်ခူးလကို ဤသို့ သီကျူး ခဲ့ပြန်သေးသည်။

"အထောက်ကတဲ့မတန်၊ ရွှေကုံ့ကော်ဇမ္ဗူကျူးလို့၊
ကြူဆုံးတသိန်တင့်ပါဘိ၊ ပန်းမင့်လွတ်စံ။
မိဿဘုံဂဠုန်ကူးတွင်မှ၊ ကြုံဖူးလေ့ဖြစ်ဟန်၊
ရစ်တပိုင့်ဆင်တော်နဲ့။
ချိန်ခါနွေ၊ ဣန္ဒာဆွေဘူပတိသော်မှ

mgyoe.com

mgyoe.com


ပူမိရင်ဘယ်ဖြေနိုင်လိမ့်၊ ခြယ်ရွှေစိုင်နေရလေးနှင့်

ရာဇဝင်မှာ သာပြုသေးချည်ငဲ့၊ ဆွေးတော်ညှံ့ဘဲ။

တန်ခူးလသည် အခြားလများနှင့် နှိုင်းယှဉ်စရာ၊ ဘက်ပြိုင်စရာ လွတ်ကင်း၍နေပါသည်။ ဤလတွင် ပန်းတကာတို့၏မင်းနှင့်တူသော ရွှေအရောင်အဆင်းရှိသည့် ကံ့ကော်ပန်းတို့သည် အခြားပန်းများက အခွန်ဆက်သည်ကိုပင် သိမ်းကျုံးခံယူရ၍ ပန်းဘုရင်ကေရာဇ်ပြုလျက် နေပါသည်။ ဤပန်းကလေးများ၏ သင်းရနံ့မှာ တစ်ခါတစ်ရံမျှ မွှေးကြူ၍ရှိုက်လိုက်ရလျှင်ပင် အလွန်မွှေးသဖြင့် အခြားပန်းများနှင့် မတူပါ။ တန်ခူးလတည်းဟူသော မိဿရာသီသို့၊ ဂဠုန်တည်းဟူသော တနင်္ဂနွေဂြိုဟ်နေမင်းကြီးသည် မိန်ရာသီဖြစ်သော တပေါင်းလမှ ကူးပြောင်းသွားသဖြင့် ဤအချိန်အခါ၌ အာကာဝေဟင်ကောင်းကင်ပြင် တစ်ခွင်လုံး ရက်ကန်းစင်မှအဆင်ခွဲသောရစ်တံကဲ့သို့ အရောင်မျိုးစုံ နှင့် တန်ဆာဆင်နေသော တိမ်များမှာ တောက်ပလျက်နေတော့သည်။

ဤအချိန်အခါ၌ ထိုသို့သောရှုခင်းတို့ကို မြင်ရလျှင် လူကိုမဆိုနှင့်ဦး၊ နတ်တို့ကိုအစိုးရသော သိကြားမင်းကြီးပင်လျှင် ပူဆွေးတမ်းတ၊ လွမ်းလျဖြေဆည်နိုင်ပေလိမ့်မည်မဟုတ်ပါ။ ကျွန်ုပ်၏အဆွေးကို ပြောပြရမည်ဆိုပါလျှင် မြတ်သောရွှေစိုင်အတိဖြစ်၍ ရွှေဖြင့်ခြယ်လှယ်ထားသော မြင်းမိုရ်တောင်ကြီးကိုအလေးပြု၍ ရာဇဝင်ဟုခေါ်သော ချိန်ခွင်ကြီးထဲတွင် ထိုအလေးကိုတစ်ဖက်ကထည့်ကာ အခြားတစ်ဖက်ကမူ ကျွန်ုပ်၏အဆွေးကို ထည့်၍ချိန်ကြည့်မည်ဆိုလျှင် ကျွန်ုပ်၏အလွမ်းအဆွေးတို့၏ဘက်သို့သာ ရာဇဝင်၏လျှာက ပိုထွက်လာကြောင်းကို ပြလာပေလိမ့်မည်။

ဤကား ဦးကြင်ဥ၏ တန်ခူးလအပေါ် တင်စားရေးဖွဲ့ခြင်းတို့ဖြစ်သည်။ သူတော်ဦးမင်းကလည်း ဆယ့်နှစ်ရာသီဘွဲ့တွင် တန်ခူးလကို

mgyoe.com

mgyoe.com


ဤသို့ဖွဲ့ကျူးထားခဲ့သည်။

– ဟောင်းရွက်ညှာခါလှစ်လို့
  တာသစ်ကယ်တဲ့နံ့ကြိုင်။
– သုတ်ဖြူးလေဆော်က၊
  ပန်းကံ့ကော်ဝတ်မှုန်ကျင်း
  သင်းပျံ့လို့လှိုင်။
– ကြယ်နှစ်ပြိုင်၊ သွယ်ဆိုင်ပဝင်း။
– စိတြင်ယ်နှင့်၊ ငွေလသော်တာတို့
  ယုဂန်ချာတောင်တော်စွန်းမှာ
  ထွန်းထိန်လို့လင်း။ ။

ဆိုသည်ရှာစားကြီး ဦးအောင်ကြီးကလည်း တန်ခူးလနှင့် အတာသဘင်ပွဲဆင်နွှဲကြပုံကို သီကုံးဖွဲ့ဆိုရာ အလွန်ရသမြောက်ကြောင်း စာပေသုတေသီတို့မှတ်ရာ၏။ စာပေအမျိုးအစားမှာ "လူတား"ဖြစ်သည်။

"သာစွလေ...။ ကျက်သရေဘုန်းတန်း၊ နေနှယ်ထွန်း၍၊
အကျွန်းကျွန်းနတ်၊ မကိုဋ်မှတ်သား၊ မန္တာတ်တို့သာ၊
ပျော်စံရာသည်၊ ရတနာပူရ၊ ရွှေဝမြို့ကြီး၊
ရပ်တည်းထောင်တည်၊ ဆောင်ချာပြည်ဝယ်၊
နှစ်လမခန်း၊ ပန်းနှင့်သဘင်၊ ရေသော်ဖြင်မျှ၊
ကောင်းကင်မိုးလ၊ စိတ္တရနှင့် မိဿရာသီ၊
အညီခါကျော်၊ နှစ်ဦးပေါ်က၊ ကံ့ကော်–ရင်ခတ်၊
ပန်းတိုင်းညွှတ်မျှ၊ ပွင့်ဝတ်ဝေဝေ၊ တောင်လေသုတ်ဖြူး၊
လတန်ခူးမူ၊ မြူးထူးပျော်ရွှင်၊ တာသဘင်ဝယ်၊
ဆင်ရင်တုပ၊ လှရရတည့်၊ ငြိမ့်မျှစောင်းငြင်း၊
အဲသီချင်းနှင့်၊ ထုံသင်းနံ့သာ၊ ရေသီတာဝယ်၊

mgyoe.com

mgyoe.com


စမွှာ–ကရမက်၊ ပန်းပေါင်းဖက်၍ ရွှေခွက်အပြည့်၊
မွှေးမျိုးထည့်၊ လည်လှည့်ဆူလှယ်၊ တင့်စံပယ်လျက်၊
ပြုံးရယ်ရွှင်အား၊ စံပျော်ပါးသည်၊ ကစားထုံရေ၊
ဖြန်းတည့်လေ။ ပွင့်လင်းစည်သည်၊ ရွှေပြည်...ရွှေဝ၊
နန်းတည့်လေ။

အင်းဝခေတ်က အတာသဘင်ဝယ်စောင်းငြင်းပတ်သာ၊ တူရိယာများလည်း တီးမှုတ်ကြသည်။ အဲချင်းများသီဆိုကြသည်။ ရွှေခွက်တွင် စမွှာကရမက်စသော အမွှေးနံ့သာများထည့်ကာ တစ်ဦးနှင့်တစ်ဦးပက်ဖျန်းကစားကြသည်။

## တန်ခူးလနှင့် ခါသကြန် . . .

ထန်းခူးသောလကိုပင် "တာကူးလ" ဟူသောအသုံးအနှုန်းဖြင့် ရေးသားပြောဆိုကြသည်ကိုလည်း တွေ့ရသည်။ တာကူး...ဟူသည်မှာ "အတာကူး" ဟူသည့်စကားမှ ဆင်းသက်လာသည်ဟု ယုံမှတ်ကြသည်။ ဝေါဟာရလီနတ္ထဒီပနီတွင်လည်း "အချို့သောသူတို့မှာ မိန်ရာသီမှ မိဿရာသီသို့ တနင်္ဂနွေဂြိုဟ်သကြန်အတာကူးသောကြောင့် "တာကူး" လဆိုသည်ဟု ဖော်ပြထားသည်။ တစ်ဖန် ဝေါဟာရလီနတ္ထဒီပနီကျမ်းတွင် "အတာ" ၏ အဓိပ္ပာယ်ကို သင်္ကြန်အတာဟူသည်ကားရောက်သောအဖို့၊ တာဝန်ယူသောအနက် ယူသင့်၏ဟုဆိုထားသည်။

သင်္ကြန်ဆိုသည်မှာ ကူးပြောင်းခြင်းဖြစ်ကြောင်းကို ရှေးပညာရှိကြီးတို့ဖွင့်ဆိုခဲ့သည်။ မြန်မာအဘိဓာန်ကျမ်း၌ "နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသောကာလ၊ ရေဖျန်းသည့်နှစ်သစ်ကူးပွဲတော်" ဟု ဖော်ပြထားသည်။ သက္ကတစကား "သင်္ကြန္တိ" မှ ဆင်းသက်လာသည်။ မြန်မာ့စွယ်စုံကျမ်း၌...

mgyoe.com

mgyoe.com


"သင်္ကြန်သည် သင်္ကန္တဟူသော ပါဠိပုဒ်မှလာသည့် သက္ကတရရစ်သံနှင့် သင်္ကြန်ဟူသော မြန်မာစကား ဖြစ်ပေါ်လာသည်။ သင်္ကန္တ၏အနက်မှာ ကူးပြောင်းခြင်း၊ တစ်နေရာမှ တစ်နေရာသို့ ရောက်ရှိခြင်းဟူ၍ ဖြစ်သည်"

ဟု ရေးသားဖွင့်ဆိုထားသည်။

မြန်မာအဘိဓာန်အကျဉ်းချုပ်တွင် သင်္ကြန်ဆိုသည်မှာ...

၁။ မြန်မာ့ဆယ့်နှစ်လတွင် နှစ်ဟောင်းမှနှစ်သစ်သို့ ကူးပြောင်းသောသမယ။ တန်ခူး သို့မဟုတ် ကဆုန်လ။

၂။ နှစ်သစ်ကူး...အတာသဘင်ရေဖျန်းပွဲ။

ဟူ၍ အနက်ဖွင့်ထားသည်။

ပါဠိသက်ဝေါဟာရအဘိဓာန်၏ ဖွင့်ဆိုမှုတွင် သင်္ကန္တကူးပြောင်းခြင်းမှ သင်္ကြန္တဖြစ်ကြောင်း၊ ထိုမှသင်္ကြန်နှစ်သစ်ကူးပွဲဖြစ်ကြောင်း ဖော်ပြထားသည်။ ဘုရားဟောပိဋကတ်တော်တို့ထဲတွင် သင်္ကြန်အကြောင်းမတွေ့ရပေ။ သို့သော်...ကူးပြောင်းခြင်း၊ သင်္ကြန်ဖြစ်ပေါ်ခြင်း၏ အရင်းအမြစ်ကိုသိထားရန်လိုအပ်လှသည်။ သင်္ကြန်ကို ခြေရာခံမိဖို့ရာ ဂြိုဟ်နှင့်နက္ခတ်တို့ကို ပြန်လည်သုံးသပ်ကြရမည်ဖြစ်သည်။

အရှေ့တိုင်းအယူအဆအရ နက္ခတ်ကျမ်းအချို့တွင် တနင်္ဂနွေဂြိုဟ်မင်းအပါအဝင် ၈ လုံးသောဂြိုဟ်နှင့်တကွ နက္ခတ် ၂၇ လုံးတို့သည် မြင်းမိုရ်တောင်ကို လက်ယာရစ်လှည့်ပတ်ရာ တစ်နှစ်လျှင်တစ်ကြိမ် ပတ်မိ၏ဟုဖော်ပြသည်။ အနောက်တိုင်းအယူအဆအရ သိပ္ပံပညာရှင်တို့က ကျွန်ုပ်တို့၏နေစကြဝဠာတွင် ကမ္ဘာကနေကိုပတ်၏။ တစ်နှစ်

mgyoe.com

mgyoe.com


လျှင်တစ်ပတ်ပတ်မိ၏။ လကမ္ဘာကိုပတ်၏ဟု ဖော်ပြ၏။

မည်သို့ပင်ဖြစ်စေဂြိုဟ် ၈ လုံး၏အသွားအပြန်နက္ခတ် ၂၇ လုံး၏ အနေအထားတွက်ရကိန်းအဖြေများမှာ အရှေ့တိုင်းနှင့် အနောက်တိုင်း များစွာကွာခြားမှုမရှိပေ။ သူရိယသိဒ္ဓန္တကျမ်းလာတွက်နည်းများအရ ၃၆၅ ရက်၊ ၆ နာရီ၊ ၁၂ မိနစ်၊ ၃၇ စက္ကန့်ခန့်တွင် တစ်နှစ်သို့မဟုတ် ကမ္ဘာကနေကို တစ်ပတ်ပတ်မိသောအခါ သင်္ကြန်တစ်ကြိမ်မှတ်ယူ သည်။

တစ်နည်းဆိုသော်... တနင်္ဂနွေရဝိပုဒ္ဓဂြိုဟ်စင်သည် များသောအား ဖြင့် မိဿရာသီခေါ် တန်ခူးလ၏အစ၊ သုညအံသာသို့ရောက်လျှင် မြန်မာတို့က သင်္ကြန်ကျချိန်သတ်မှတ်ပါသည်။ အတာကူးချိန်ဟု လည်းခေါ်သည်။ တနင်္ဂနွေရဝိမဇ္ဈဂြိုဟ်သွမ်း၊ မိဿရာသီတန်ခူးလအစ သုညအံသာသို့ ရောက်ချိန်မှာ သင်္ကြန်တက်ချိန်ဖြစ်သည်။ အတာကူး ချိန်၊ အတာတက်ချိန်၊ နှစ်သစ်ဆန်းချိန်ဟုလည်းခေါ်သည်။ တစ်နည်း အားဖြင့် တနင်္ဂနွေဂြိုဟ်နှင့် အဿဝဏီနက္ခတ်တို့သည် မိဿရာသီသို့ စတင်ဝင်ရောက်၍ ယှဉ်သောအချိန်ဖြစ်သည်။ သင်္ကြန်ကျချိန်နှင့်တက် ချိန်တို့၏ ကြားရက်သည် သင်္ကြန်အကြတ်ရက်ဖြစ်သည်။

တစ်နှစ်သို့မဟုတ် ၃၆၅ ရက်တွင် အယာဉ်နှစ်ပါး၊ ဥတုသုံးလီ၊ ရတုခြောက်စုံ၊ ဒွါရလေးခွင်၊ အစုသုံးခု၊ ရာသီဆယ့်နှစ်မျိုးစသော အပိုင်းအခြားများကို တွေ့ရသည်။ ထိုအပိုင်းအခြားတစ်ခုမှတစ်ခုသို့ တနင်္ဂနွေဂြိုဟ်ပြောင်းခြင်းကို မြန်မာတို့က "တစ်နေရာမှ တစ်နေရာ ပြောင်းခြင်း" "အတာ–ကူးခြင်း" "သင်္ကြန်ကျခြင်း" ဟူ၍မှတ်သားကြ သည်။

အများအားဖြင့် ပြာသိုလပြည့်ကျော် ၁ ရက်နေ့မှစ၍ ဝါဆိုလ ဆန်း ၁၅ ရက်နေ့တိုင် ခြောက်လတွင် တနင်္ဂနွေဂြိုဟ်နေမင်းသည်

mgyoe.com

mgyoe.com


ဗာဟိရဝိထိခေါ် အပြင်လမ်းအစွန်မှ မြောက်ဘက်သို့သွားသောကြောင့် ထိုခရီးကို ဥတ္တရယာဉ် (သို့မဟုတ်) မြောက်ဘက်ခရီးဟုခေါ်သည်။ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့မှ၊ ပြာသိုလဆန်း ၁၅ ရက်နေ့တိုင် ခြောက်လတွင် တနင်္ဂနွေဂြိုဟ်မင်းသည် အဗ္ဘန္တရဝိထိခေါ် အတွင်းလမ်း အစွန်မှ တောင်ဘက်သို့သွားသောကြောင့် ထိုခရီးကို ဒက္ခိဏယာဉ် (သို့မဟုတ်) တောင်ဘက်ခရီးဟုခေါ်သည်။




အယာဉ်နှစ်ပါးပြပုံ

အချို့ကလည်း ဆယ့်နှစ်လရာသီသွားစက်ပုံကို နေထွက်ရာ အရှေ့အရပ်သို့ ဦးထားပြီး မြောက်ဘက်ခရီးဆိုမည့်အစား အရှေ့ဘက် ခရီးဟုပြောင်းသင့်ကြောင်း၊ တောင်ဘက်ခရီးဆိုမည့်အစား အနောက် ဘက်ခရီးဟု ပြောင်းသင့်ကြောင်း၊ စောဒကတက်သည်ကိုလည်း တွေ့ ရသည်။ သို့ရာတွင် ဆေးကျမ်း၊ ဗေဒင်ကျမ်း၊ နက္ခတ်ကျမ်းများအရ

mgyoe.com

mgyoe.com


မြောက်ခရီး၊ တောင်ခရီးဟူသာ အသုံးပြုကြသည်။ ပင်ကိုအရှိနေသွား ပုံလမ်းကြောင်းနှင့်လည်း အံဝင်ခွင်ကျဖြစ်သည်။

ဒက္ခိဏာယာဉ်ခေါ် တောင်ဘက်ခရီးသို့သွားနေချိန်မှာ လေးလဖြစ်သော ဝါဆိုလဆန်းမှ တန်ဆောင်မုန်းလဆန်းအထိက သဗ္ဗမင်္ဂလာ အခါပေးကျမ်း၌ ဗိဿနိုးအိပ်သောလဖြစ်၍ အခါမပေးအပ်ဟုဖော်ပြသည်။ ဟိန္ဒူအယူဝါဒအရ ဒက္ခိဏာယာဉ် ခြောက်လဖြစ်သော ဝါဆိုလလယ်မှပြာသိုလလယ်အထိသည် ဗိဿနိုးခေါ် ဗိဿျနိုးနှင့် နတ်များ၏ညဥ့်ရာသီဖြစ်ကြောင်း ထို့ကြောင့် ယင်းခြောက်လအတွင်း မင်္ဂလာ အခါမပေးသင့်ကြောင်း အဆိုရှိသည်။

သကြိန်တော်မင်္ဂလာအခါပေး လျှောက်ထုံးပုရပိုက်မူတစ်ခုတွင်...

"ဝါဆိုလ၊ တော်သလင်းလ၊ တန်ဆောင်မုန်းလဆန်းအထိ ထိ ၁၂ လုံးတို့၌ အနူရာဓနက္ခတ်၊ သရဝဏ်နက္ခတ်၊ ရေဝတီ နက္ခတ်တို့ ရှိုင်းယှဉ်၍ အစဉ်အတိုင်းအိပ်ခြင်း၊ ပြောင်းခြင်း၊ နိုးခြင်းသည်ဖြစ်၏။ ထိုသို့သောရက်၊ လတို့၌ ခပ်သိမ်းသော မင်္ဂလာတို့ကို ရှောင်ကြဉ်ရာသည်..."

ဟု ရာဇမတ္တန်ကျမ်းတွင် ဖော်ပြထားသည်။ အိပ်ခြင်းဆိုသည်မှာ အနူရာဓနက္ခတ်နှင့် ယှဉ်သော ဝါဆိုလ၏လဆန်းတိထိ ၁၁ လုံးတွင် ဗိဿနိုးအစရှိသော နတ်တို့အိပ်ရာဝင်ခြင်း၊ တိထိ ၁၂လုံးတွင် အိပ်ပျော် ခြင်းတို့ ဖြစ်သည်။ ပြောင်းခြင်းဆိုသည်မှာ စတင်အိပ်သည်မှ နှစ်လပြည့် သော သရဝဏ်နက္ခတ်နှင့်ယှဉ်သည့် တော်သလင်းလဆန်းတိထိ ၁၁ လုံးတွင် ဗိဿနိုးနတ်တစ်ဖက်မှတစ်ဖက်သို့ စတင်စောင်း၍ ကိုယ်နေ ပြောင်းခြင်းဖြစ်သည်။


နိုးခြင်းဆိုသည်မှာ ရေဝတီနက္ခတ်နှင့်ယှဉ်သော တန်ဆောင်မုန်း

mgyoe.com

mgyoe.com

လဆန်းတိထိ ၁၁ လုံးတွင် နတ်တို့နိုးခြင်း၊ တိထိ ၁၂ လုံးတွင် အပူဖော်ခံခြင်းတို့ဖြစ်သည်။ မြန်မာနိုင်ငံတွင် နွေဥတု၊ မိုးဥတု၊ ဆောင်းဥတုဟူ၍ ဥတုသုံးလီရှိသည်။ အများအားဖြင့် တပေါင်းလပြည့်ကျော် ၁ ရက်နေ့မှ ဝါဆိုလဆန်း ၁၅ ရက်နေ့အထိ လေးလသည်ဂိမှာန်ခေါ် နွေဥတုဖြစ်သည်။

ဝါဆိုလပြည့်ကျော် ၁ ရက်နေ့မှ တန်ဆောင်မုန်းလဆန်း ၁၅ ရက်နေ့ထိ လေးလသည် ဝသန္တခေါ် မိုးဥတုဖြစ်သည်။ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့မှ တပေါင်းလဆန်း ၁၅ ရက်နေ့အထိ လေးလသည် ဟေမန္တခေါ် ဆောင်းဥတုဖြစ်သည်။




ဥတုခြောက်ရုံပုံ

တစ်နှစ်တွင် နှစ်လအတွဲခြောက်ခုပြု၍ ဥတုခြောက်ပါး သို့မဟုတ် ဥတုခြောက်ပါးဟုမြန်မာစလေ့အရ မှတ်ကြသည်။ အကြမ်းအားဖြင့်

mgyoe.com

mgyoe.com


ပြာသိုလပြည့်ကျော် ၁ ရက်နေ့မှ တပေါင်းလဆန်း ၁၅ ရက်နေ့အထိ နှစ်လသည် (သိသိရ) ရတုဖြစ်သည်။ တပေါင်းလပြည့်ကျော် ၁ ရက်နေ့မှ ကဆုန်လဆန်း ၁၅ ရက်နေ့အထိ နှစ်လသည် ဝသန္တဥတုဖြစ်သည်။

ကဆုန်လပြည့်ကျော် ၁ ရက်နေ့မှ ဝါဆိုလဆန်း ၁၅ ရက်နေ့အထိ နှစ်လသည် ဂိမှာန်ရတုဖြစ်သည်။ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့မှ တော်သလင်းလဆန်း ၁၅ ရက်နေ့အထိ နှစ်လသည် (ဝဿန) ရတုဖြစ်သည်။ တော်သလင်းလပြည့်ကျော် ၁ ရက်နေ့မှ တန်ဆောင်မုန်းလဆန်း ၁၅ ရက်နေ့အထိ နှစ်လသည် (သရဒ) ရတုဖြစ်သည်။ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့မှ ပြာသိုလဆန်း ၁၅ ရက်နေ့အထိနှစ်လသည် ဟေမန္တရတုဖြစ်သည်။

### သင်္ကြန်အမျိုးအစား . . .

ဝေဒပညာအရာ၌ သင်္ကြန်အမျိုးအစားများစွာခွဲခြားထားရှိကြောင်း သိရသည်။ "နာရဒသံဟိတ" ကျမ်းအရ သင်္ကြန်ကျနေ့သည် တနင်္ဂနွေနေ့ဖြစ်လျှင် ဃောရသင်္ကြန်၊...

| | |
|---|---|
| တနင်္လာနေ့ဖြစ်လျှင် | .... ဓွမ်းရှိသင်္ကြန် |
| အင်္ဂါနေ့ဖြစ်လျှင် | ... မဟောဒရီသင်္ကြန် |
| ဗုဒ္ဓဟူးနေ့ဖြစ်လျှင် | ... မဏ္ဍာကိနီသင်္ကြန် |
| ကြာသပတေးနေ့ဖြစ်လျှင် | ... နန္ဒာသင်္ကြန် |
| သောကြာနေ့ဖြစ်လျှင် | ... မန္တရာသင်္ကြန် |
| စနေနေ့ဖြစ်လျှင် | ... ယက္ခသိကာသင်္ကြန် |

ဟု အမည်ပေးထားကြောင်း သိရသည်။ သင်္ကြန်လက်ရိုးကျမ်းတွင် နှစ်အလိုက်သင်္ကြန်အမည်ကို ၁၂ မျိုးခွဲခြားသတ်မှတ်ထား

mgyoe.com

mgyoe.com


ပြန်သည်။ အတာနှစ်သင်္ကြန်ရာဇ်အရှည်တည်ကိန်းတွင် ၂ နုတ်ပြီး၊ ရလဒ်ကို ၁၂ နှင့်စားရသည်။

စား၍ရသော အကြွင်းအား ဤသို့ခွဲခြားထားသည်။


- ၁ ကြွင်းသော် – ဇေယျနှစ်ဖြစ်၍ ဇေယျသင်္ကြန်
- ၂ ကြွင်းသော် – ဝိသာခါနှစ်ဖြစ်၍ ဝိသာခါသင်္ကြန်
- ၃ ကြွင်းသော် – ဇေဋ္ဌနှစ်ဖြစ်၍ဇေဋ္ဌသင်္ကြန်
- ၄ ကြွင်းသော် – အာသဠ္ဍာနှစ်ဖြစ်၍ အာသဠ္ဍာသင်္ကြန်
- ၅ ကြွင်းသော် – သရဝဏ္ဏာနှစ်ဖြစ်၍သရဝဏ္ဏာသင်္ကြန်
- ၆ ကြွင်းသော် – အဒြနှစ်ဖြစ်၍အဒြသင်္ကြန်
- ၇ ကြွင်းသော် – အသာယုဇနှစ်ဖြစ်၍အသာယုဇသင်္ကြန်
- ၈ ကြွင်းသော် – ကြတ္တိကာနှစ်ဖြစ်၍ ကြတ္တိကာသင်္ကြန်
- ၉ ကြွင်းသော် – မိဂသီနှစ်ဖြစ်၍မိဂသီသင်္ကြန်
- ၁၀ ကြွင်းသော် – ဖုဿျနှစ်ဖြစ်၍ဖုဿျသင်္ကြန်
- ၁၁ ကြွင်းသော် – မာဃနှစ်ဖြစ်၍မာဃသင်္ကြန်
- ၀ ကြွင်းသော် – ဘဂ္ဂုဏာနှစ်ဖြစ်၏။

ဝေဒပညာအရ တစ်နှစ်တွင် ၁၂ လရှိပြီး ထို ၁၂ လလုံးလုံးသင်္ကြန်ကျကိန်းသည် ရှိသည်သာဖြစ်၏။ တနင်္ဂနွေဂြိုဟ်မင်းသည် ထိုလတို့သို့ အစဉ်အတိုင်းဝင်ရောက်ခြင်းကိုအစပြု၍ တစ်နှစ်တွင် ဆယ့်နှစ်ရာသီပိုင်းခြားထားသည်။ ထို့ကြောင့် တစ်လတစ်ကြိမ်သင်္ကြန်အခါကျရောက်သည်။ တစ်ရက်အဖို့တွင်လည်း နေမွန်းတည့်ချိန်၊ ညဉ့်မွန်းတည့်ချိန်၊ နေထွက်ချိန်၊ နေဝင်ချိန် တစ်နည်းအားဖြင့် မွန်းတည့်ချိန်နှင့် နံနက်၊ ညနေ၊ ဆည်းဆာချိန်များသည် အကူးအပြောင်းကာလသင်္ကြန်အခါများပင်ဖြစ်သည်။

mgyoe.com

mgyoe.com


သို့သော်လည်း မြန်မာဓလေ့ထုံးစံ၌ တန်ခူး (သို့မဟုတ်) ကဆုန်လတွင် ကျရောက်သော နှစ်သစ်ကူးမဟာသင်္ကြန်ကြီးကိုသာ အဓိကထားသည့် ဓလေ့ရှိခဲ့သည်။ ဗေဒပညာရှင်များကမူ တနင်္ဂနွေဂြိုဟ်သို့မဟုတ် ရှင်နေမင်းသည် မိန်ရာသီမှ မိဿရာသီသို့ ကူးပြောင်းခြင်းကြောင့် သင်္ကြန်ဟုအရင်းခံပြုသည်။ တနင်္ဂနွေဂြိုဟ်သည် တန်ခူးလမိဿရာသီမှစတင်ပြီး တစ်ဆယ့်နှစ်လရာသီခွင်တွင် လှည့်ပတ်ခဲ့၏။ တပေါင်းလမိန်ရာသီ၏အဆုံးဖြစ်သောနဝင်းရေဝတီနက္ခတ်သို့ရောက်လာသောအခါ နက္ခတ်နဝင်း ၁၀၈၊ ၁၂ လ၊ ၃၆၅ ရက်ကြာခဲ့ကာ တစ်ပတ်ပြည့်သွားလေသည်။ ထိုအခါ အဆုံးမှအစသို့ တစ်ဖန်ပြောင်းဝင်ရပြန်၏။ ထို့ကြောင့် မိန်ရာသီအဆုံးနဝင်းဖြစ်သည့်ရေဝတီနက္ခတ်မှ မိဿရာသီအစ နဝင်းဖြစ်သည့် အဿဝဏီနက္ခတ်သို့ ကူးပြောင်းခြင်းဖြစ်သည်။




၁၂ ရာသီပြပုံ

mgyoe.com

mgyoe.com


လူသိများသောသင်္ကြန်မှာ တစ်နှစ်တစ်ကြိမ်ကျ နှစ်ဟောင်းကုန်ကျူး၊ နှစ်သစ်ကူးသောတန်ခူးသင်္ကြန်သာဖြစ်သည်။ လူသိနည်းသောသင်္ကြန်များမှာ မဏ္ဍတာသင်္ကြန်နှင့်သာဟိဝါဟနသင်္ကြန်များဖြစ်သည်။ သရေခေတ္တရာနှင့် ပုဂံခေတ်များတွင် ဝါဆိုလ၌သင်္ကြန်ကျသောနှစ်၊ တန်ဆောင်မုန်းလတွင် သင်္ကြန်ကျသောနှစ်များရှိခဲ့ဖူးကြောင်းမှတ်တမ်းများတွင် တွေ့ရသည်။

ထိုသို့ ဝါဆိုလတွင် သင်္ကြန်ကျပြီး နှစ်သစ်ကူးသောနှစ်ကို "မဏ္ဍတာနှစ်" ဟု ခေါ်ပေသည်။ တန်ဆောင်မုန်းလတွင် သင်္ကြန်ကျပြီး နှစ်သစ်ကူးသောနှစ်ကို "သာလိဝါဟနနှစ်" ဟုခေါ်သည်။ တန်ခူးလတွင် နှစ်သစ်ကူးသောအများသိသည့်သင်္ကြန်အား "အာဒိတျနှစ်" ဟုခေါ်သည်။

## ဒဏ္ဍာရီလော....ပုံပြင်လော....

ကူးပြောင်းခြင်းဟူသောဝေါဟာရမှာ သင်္ကြန္တဟူသော သက္ကတပုဒ်မှ ပြောင်းလဲလာသည့် (သင်္ကြန်) ၏အနက်အဓိပ္ပာယ်ဖြစ်သည်။ အချို့ကျမ်းများ၌ "သင်္ကန္တ" ဟူသော ပါဠိပုဒ်မှ ဆင်းသက်လာသည်ဟုရေးသည်။ မည်သို့ပင်ဆိုစေကာမူ...သင်္ကြန်ဟူသော ဝေါဟာရသည် "**ပြောင်းရွှေ့ခြင်း၊ ကူးပြောင်းခြင်း**" ဖြစ်သည်။ သင်္ကြန်ကျသည်ဆိုရာမှာ နှစ်ဟောင်းမှ နှစ်သစ်သို့ကူးပြောင်းခြင်းအလေ့အထကို ဆိုလိုခြင်းဖြစ်သည်။

ဤကူးပြောင်းခြင်းအလေ့အထ၌ပင် ပုံပြင်ဆန်ဆန်၊ ဒဏ္ဍာရီဆန်ဆန် မှတ်တမ်းမှတ်ရာများလည်း မြန်မာစာပေလောကတွင် တွေ့မြင်ရသည်။ ယင်းမှာ "ကဝိလမိုင်း" ဝတ္ထုဇာတ်လမ်းကလေးပင်ဖြစ်သည်။

mgyoe.com

mgyoe.com


ကမ္ဘာဦးကာလတွင် ကဝါလမိုင်းခေါ်သော ဗေဒင်ပညာရှင်တစ်ဦးရှိခဲ့၏။ သိကြားမင်းနှင့် အာသီအမည်ရှိသော ဗြဟ္မာမင်းတို့သည် ဗေဒင်ဆိုင်ရာပြဿနာတစ်ရပ်နှင့်ပတ်သက်ပြီး အငြင်းအပွားရှိခဲ့ကြသည်။ ထို့ကြောင့် ယင်းတို့၏ ပြဿနာအား ကဝါလမိုင်းဆရာကြီးထံ အဆုံးအဖြတ်ခံယူကြရန် သဘောတူညီခဲ့ကြသည်။ ဗေဒင်အရာ၌ ကျွမ်းကျင်တတ်သိသော ကဝါလမိုင်းဆရာကြီးက သိကြားမင်း၏ ဗေဒင်အယူအဆသည်သာ မှန်ကန်ကြောင်း အဆုံးအဖြတ်ပေးခဲ့သည်။

ရှုံးသူခေါင်းဖြတ်စတမ်းအလောင်းအစားပြုခဲ့သော သိကြားမင်းသည် ဗြဟ္မာမင်း၏ဦးခေါင်းကို မဖြတ်လိုသော်လည်း ပြုခဲ့သည့် ကတိအတိုင်း ဗြဟ္မာမင်းသည် အစိဋ္ဌာန်ဖြင့် မိမိဦးခေါင်းကို ပြတ်စေသည်။ ပြတ်သွားသောဗြဟ္မာ့ဦးခေါင်းကို ပင်လယ်သမုဒ္ဒရာအတွင်းသို့ ပစ်ချပါက ရေများခန်းခြောက်သွားမည်ဖြစ်သည်။

မြေပြင်ပေါ်သို့ ပစ်ချပါကလည်း မီးဟုန်းဟုန်းတောက်လောင်မည်ဖြစ်သည်။ သို့အတွက် သိကြားမင်းသည် နတ်သမီးခုနစ်ဖော် အား အလှည့်ကျပွေ့ချီထားစေသည်။ နတ်သမီးတစ်ဦးလက်မှ တစ်ဦးလက်သို့ ပွေ့ချီပြောင်းရွှေ့ပေးသောကာလသည် လူတို့အရေအတွက်အားဖြင့် တစ်နှစ်ပြည့်မြောက်သော အချိန်နှင့်ညီမျှသည်။ ထိုသို့လွှဲပြောင်းပေးခြင်းကို သင်္ကြာန်ဦးခေါင်းပြောင်းသည်ဟုခေါ်ကာ အတာသဘင်ပွဲများ ကျင်းပကြသည်။

ယင်းအယူအဆသည် ယုတ္တိမရှိသော်လည်း သင်္ကြန်ဝေါဟာရနှင့် သင်္ကြာန်ဝေါဟာရသည် တွဲစပ်လျက်ရှိနေပေသည်။ သင်္ကြာန်အရေးအသားနှင့်ပတ်သက်၍ အမျိုးမျိုးလည်းယူဆကြသည်။ အချို့ပညာရှင်များက ကဝါလမိုင်းဝတ္ထုနှင့်ပတ်သက်၍ သင်္ကြာန်အသုံးအနှုန်းဖြစ်ပေါ်လာသည်ဟု ယုံမှတ်ကြသည်။ ကမ္ဘာဦးအစကာလတွင် လူသား

mgyoe.com

mgyoe.com


မျိုးနွယ်သည်ဖြပ်မှာမှ စတင်ထွန်းကားလာပြီး ထွန်းကားလာသော လူ့အဖွဲ့အစည်းနှင့်အတူ နေနှင့်လလည်း ဖြစ်ပေါ်လာသည်။

နေ့အချိန်နှင့်ညအချိန်ဖြစ်ပေါ်လာသည့်အခါ သိကြားမင်းသည် လူ့ပြည်သို့ဆင်းသက်၍ ခု၊ နှစ်၊ လများကို စီစဉ်ပေးသည်။ သိကြားမင်းအစီအစဉ်ဖြစ်သဖြင့် သိကြားမင်း၏ အမည်ဖြစ်သော "သက္ကရာဇာ" ကို အမှတ်တရယူကာ "သက္ကရာဇ်" ဟု ရေးသားသုံးစွဲလာကြသည်ဟု အယူစွဲသည်။

ပုဂံခေတ်တွင် ရေးထိုးသောကျောက်စာ၌ "မီးဖုန်၊ သင်္ကြန်၊ ညောင်ရယ်သွန်စသော ဝေါဟာရများကို တွေ့ရှိရသည်။ ယင်းအတွက် ပုဂံခေတ်တွင် နှစ်သစ်ကူးသင်္ကြန်ပွဲတော်ကို ကျင်းပနေပြီဖြစ်သည်ဟု သမိုင်းသုတေသီတို့က မှတ်ယူကြသည်။

## သင်္ကြန်အစ...မိဖုရားစောလုံက...

မြန်မာ့ယဉ်ကျေးမှုဓလေ့ဖြစ်သော နှစ်သစ်ကူးပွဲတွင် ရေပက်ကစားခြင်း၊ ရေစင်ပက်ဖျန်းခြင်းသမိုင်းအစအား တိကျပြတ်သားစွာ ပြောပြနိုင်ရန်မလွယ်ပေ။ အဘယ့်ကြောင့်ဆိုသော် ခိုင်လုံသောအထောက်အထားများ၊ မှတ်တမ်းမှတ်ရာများ မထားရှိခဲ့ခြင်း၏ သင်ခန်းစာပင်ဖြစ်သည်။ အချို့သမိုင်းဖြစ်စဉ်တို့မှာ လူ့သတင်းလူချင်းဆောင်၍ တစ်ဆင့်စကား၊ တစ်ဆင့်နားဖြင့် ပွားများဖြန့်ကြက်ခဲ့သည်များလည်း အပါအဝင်ဖြစ်ခဲ့သည်။

သင်္ကြန်နှစ်သစ်ကူးပွဲတော်နှင့် ရေကစားပက်ဖျန်းခြင်းအမှုကို အဘယ်ခေတ်အခါက ပေါ်ပေါက်ခဲ့ပြီး အဘယ်သို့ ထုံးတမ်းစဉ်လာရှိခဲ့ကြောင်းကို မပီပိုးတဝါးလေးသာ ကျွန်ုပ်တို့သိခွင့်ရတော့သည်။ မြန်မာအစ တကောင်းကဆိုသည့်စကားနှင့်အညီ မြန်မာတို့သည် ကိုယ့်ထီး

mgyoe.com

mgyoe.com


ကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် ရပ်တည်ခဲ့ကြသည့်သမိုင်းရှိသည်။

အဘိရာဇာမည်သော သကျသာကီဝင်မင်းက တကောင်းပြည်ကို စတင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။ သကျသာကီဝင်မင်းတို့သည် ကပိလဝတ်ပြည်၊ အိန္ဒိယတွင်နေထိုင်ကြစဉ်အခါ ရေပက်ဖျန်းခြင်း၊ ရေကစားခြင်းအလေ့အထတို့ရှိခဲ့သည်။ မြန်မာနိုင်ငံရောက် သာကီဝင်မင်းတို့သည်လည်း ရေပက်ဖျန်းကစားခြင်းကို ပြုလုပ်ကြလိမ့်မည်ဟု ယူဆရသည်။

ပုဂံခေတ်တွင် နရသီဟပတေ့မင်းလက်ထက်တော်၌ ရေပက်ဖျန်းသဘင်ကျင်းပသည်ကို သမိုင်းမှတ်တမ်းအရ သိခဲ့ရသည်။ ထိုနရသီဟပတေ့မင်းသည် နွေလအခါ နန်းတော်မှ ဧရာဝတီမြစ်ဆိပ်သို့ ဥမင်တဲနန်းကို ဆောက်လုပ်စေခဲ့သည်။ မိဖုရား၊ မောင်းမမိဿံ၊ ခြွေရံသင်းပင်းများနှင့် ပျော်ရွှင်စွာရေပက်ဖျန်း၍ ကစားတော်မူသည်။ နရသီဟပတေ့မင်းသည် ရှုမငြီးသောမိဖုရားစောလုံအား ရွှဲရွှဲစိုအောင် ရေပက်ဖျန်းခြင်းပြုစေခဲ့သည်။ ဤကဲ့သို့ ချစ်ကျီစယ်သည်ကို မိဖုရားစောလုံက အရှက်တကွဲအကျိုးနည်းအောင်ပြုလုပ်သည်ဟု ယူဆပြီး အမျက်ထားခဲ့လေသည်။ တစ်နေ့သော် မိဖုရားစောလုံသည် နာမကျန်းဟန်ဆောင်၍မိမိကိုယ်စား စောမောက်အားအဆိပ်ခတ်ထားသော စားတော်အုပ်ကို နရသီဟပတေ့မင်းအား ဆက်သစေလေ၏။

နရသီဟပတေ့မင်းသည် အပြုအမူကို သံသယရှိလေသဖြင့် စားတော်ကို အောက်တွင်ရှိသောခွေးငယ်ကို ကျွေးစေသည်။ ခွေးငယ် လည်း စားသောခဏ၌ပင် သေဆုံးသွားလေ၏။ ထိုအခါ စောမောက် အားစစ်ဆေးမေးမြန်းလေသော်မိဖုရားစောလုံ၏လုပ်ကြံမှုဖြစ်ကြောင်း တင်လျှောက်လေ၏။ အဖြစ်မှန်သိသော နရသီဟပတေ့မင်းသည် မိဖုရားစောလုံအား ဖမ်းဆီး၍ သံကျင်စင်တွင် မီးတင်၍ ကွပ်မျက်စေ

mgyoe.com

mgyoe.com


ခဲ့သည်။

ထိုသမိုင်းသဲလွန်စအရ ပုဂံခေတ်တွင် ရေပက်ဖျန်းကစားခြင်းအမှု ရှိခဲ့ပြီဟု မှတ်ယူရသည်။ ရှေးမြန်မာဘုရင်များလက်ထက်တော်တွင် အတာတော်အစီအရင်များအရ အတာတော်ပွဲကျင်းပလေ့ရှိကြ၏။ ဘုရား ၅ ဆူ၊ ဘုရား ၇ ဆူ၊ သမ္ဗာဒေဝနတ်ကောင်းနတ်မြတ်နှင့် အမိအဘအဘိုးအဘွားတို့အား ပူဇော်ကန်တော့သည်။ ၁၇၉၅ ခုနှစ်၊ ဘိုးတော်မင်းတရားကြီးလက်ထက်တွင် ကပ္ပတိန်မိုက်ကယ်ဆိုင်းမ် မြန်မာပြည်သို့ရောက်ရှိခိုက် သင်္ကြန်ပွဲဆင်နွှဲပုံအား ကိုယ်တိုင်ပါဝင် မှတ်တမ်းတင်ခဲ့ကြောင်း ဖတ်ရှုရသည်။

မိုက်ကယ်ဆိုင်းမ်သည် ပဲခူးမြို့တော်ဝန်၏သင်္ကြန်ပွဲသို့ သူတက်ရောက်ခဲ့ပုံများ၊ သမီးတော်ကလေးမှစ၍ကူး၊ နှင်းရည်နှင့် မိဘနှစ်ပါးကို ရေကန်တော့ပုံများ၊ အားလုံးသောပရိသတ်တို့ကို ရေစင်ပက်ဖျန်း၍ ပျော်ပျော်ပါးပါး ဆင်နွှဲကြပုံများကို ဖော်ပြထားသည်။ ရှေးဘုရင်မင်းမြတ်တို့သည် တန်ခူးလရာသီတွင် ပူပြင်းသောနေဒဏ်အား ပြေပျောက်စေခြင်းအလို့ငှာ တာသင်္ကြန်ပွဲအား မင်းခမ်းမင်းနားဖြင့် ရောဝတီမြစ်ကမ်းတွင် မဏ္ဍပ်ကြီးထိုး၍ ဆင်နွှဲကျင်းပခဲ့ကြသည်။

**နန်းမလေ့နှင့်အတာပွဲသဘင်....**

ရှေးမြန်မာဘုရင်များသည် ပူပြင်းခြောက်သွေ့သည့်တန်ခူးလ၌ နှစ်သစ်ကူးပွဲတော်အား အတာတော်အစီအရင်များအရ အတာပွဲသဘင် ကျင်းပလေ့ရှိကြသည်။ ဘုရားပူဇော်ပွဲများ၊ နတ်သိကြားပူဇော်ပွဲများ၊ အမိအဘပူဇော်ပွဲများကို သင်္ကြန်ပွဲနှင့် တိုက်ဆိုင်၍ ဆင်ယင်ကျင်းပ ကြသည်။

ရတနာစီခြယ်သော မနောလင်ပန်း၌ အတာထမင်းကိုလည်း

mgyoe.com

mgyoe.com


ကောင်း၊ ထမင်းစုံ၊ ဟင်းစုံ၊ စားဖွယ်အစုံကိုလည်းကောင်း၊ မုန့်မျိုးစုံနှင့် အချိုအချဉ်စားသောက်ဖွယ်ရာတို့ကိုလည်းကောင်း ကောင်းမွန်စွာ ပြင်ဆင်ကြသည်။ ဘုရင်မင်းမြတ်သည် သင်္ကြန်အခါမကျမီ ဝတ်လဲတော်အသစ်တို့ဝတ်ဆင်ကာ အတာတော်ပွဲတည်မြဲထုံးစံရှိသည်။

သက္ကရာဇ် ၁၁၆၇ ခုနှစ်တွင် ရွှေတိုက်ဝင်တို့ တင်သွင်းသောမန်ကျည်းရုံရွာစစ်တမ်းပုရပိုက်တွင် ...

"နှစ်သစ်အတာတက်လျှင် အတာတော်ဆွမ်းကျွေးမွေးရန် တိုက်တော်ကထုတ်၍ တစ်ကိုယ်လျှင်ကြေး ၂၅၊ ငါးသွေ့ချို၊ ငါးပိ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ ချင်းစိမ်း ၅-၂စီပေး၍ အတာတော်ဆွမ်းကျွေးမွေး" ရိုးရှိကြောင်း ဖော်ပြထားသည်။ ဟံသာဝတီမင်း၏ အတာပွဲသဘင်ဆင်ယင်ပုံမှတ်တမ်းကိုလည်း သက္ကရာဇ် ၁၁၁၀ ပြည့်နှစ်အတာတော်သင့်အစီရင်ခံစာစာတမ်းတွင် ဤသို့ဖော်ပြထားကြောင်းတွေ့ရသည်။

"အတာပွဲသို့ မရောက်မီ စံတော်မူမည့် အဆောင်တော်ဦးတွင် နှီးခေါက်ဖျာကိုခင်းသည်။ ထိုဖျာပေါ်တွင် နေရာတော်သင်ဖြူးအနားရွှေဖျဉ်ကွပ်ခင်းသည်။ ထိုသင်ဖြူးပေါ်တွင် နေရာအတော်ငွေပွင့်ထိုးပတ်လည်အမြိတ်ပါခင်းသည်။ နေရာတော်ပတ်လည်တွင် သင်ဖြူးဖဲနီကွပ်အပြည့်ခင်းသည်။

ဘုရား ၅ ဆူပူဇော်ရန် ပူဇော်ပွဲနေရောင်အုပ်ရ၊ ရေချမ်းအိုးသပြေညွန့်စိုက်ရ၊ ရတနာသုံးပါးပူဇော်ရန် နေရောင်အုပ် တစ်ခုတို့ကို အသင့်စီရင်ထားသည်။

ခမည်းတော်-မယ်တော်တို့ ပူဇော်ပွဲအတွက် နေရောင်အုပ်-၁၊ သာသနာတော်စောင့်နတ်သမ္မာဒေဝနတ်ကို ပူဇော်ရန်နေရောင်အုပ်-တစ်ခုကို အသင့်စီရင်ထားသည်။ သိကြား၊ ဗြဟ္မာ၊ စတုလောကပါလ၊ ရွှေမြို့တော်၊ ရွှေနန်းတော်၊ ထီးချက်တော်၊ ရာဇပလ္လင်ဥကင်တော်စောင့်

mgyoe.com

mgyoe.com


နတ်၊ ရက္ခစိုး၊ ဘုမ္မစိုး၊ အာကာသစိုးနတ်တို့ကို ပူဇော်ရန် အမွှေးအထုံ၊ ပန်းပေါက်ပေါက်တို့ကို အဆောင်တော်မြဲတို့အား ကိုင်ဆေ၍ သံတော်ဆင့်တို့က သင့်ရာက ကြပ်မတ်နေရသည်။

ပူဇော်ပွဲတွင် အကြပ်မြင်းသည်တော်အား စည်တော်တီးရန်ခန့်ထား၍ တောင်စမုခ်မြေလပ်က နေရသည်။ ရှေ့တော်ပြေးအမှုးအဝှန်းနှင့် စည်တော်စုံလည်းထိုနေရာတွင်ပင်စောင့်နေရသည်။ အဆောင်တော်ပတ်လည်တွင် ရေအိုးအပြည့်ထားရသည်။ အဆောင်တော်ဦးကြမ်းပြင်လက်ဝဲ၊ လက်ယာပတ် ၂ ဝန်းတွင် အတီး၊ အကစုံတီးမှုတ်ကခုန်ရသည်။ အတွင်းတော်မှာ တီးမြဲ–တောင်ထားဝယ်၊ မြောက်ထားဝယ်အငြိမ့်တို့က တီးမှုတ်ကခုန်ရသည်။ ဗြဲတိုက်တော်တွင်လည်း တီးမြဲအငြိမ့်နှင့် ၂ ဝန်းအတီးအကအစုံ တီးမှုတ်ကခုန်ရသည်။ မင်္ဂလာစကားကြားလျှောက်မည့်အမတ်၊ အတွင်းဝန်၊ သံတော်ဆင့်၊ အတွင်းတော်မြဲ၊ မှူးကြီးမတ်ကြီး၊ မှူးလတ်မတ်လတ်၊ မှူးငယ်မတ်ငယ်စသည်တို့ကလည်း သင့်ရာနေရာယူရသည်။

အတာပွဲတော်တည်လျှင် ဝတ်တော်မူရန် ပကတိဆင်တော်မှူးမြဲ၊ လုပ်ဆောင်မြဲမှူးကြီးမတ်ကြီး၊ မှူးလတ်မတ်လတ်တို့က ဖောင်းတော်အသစ်–၁၊ ဝတ်လဲတော်မာတရာဘက်၊ လက်ရင်းလက်ဖျား၊ လည်ခွံဇာ၊ သတောင်းလည်ရွှေရက်ပြားသတ်ပန်းစုံကြဲ အင်္ကျီတော်–၁၊ သဘော်ကြီးအနားပါ ရွှေရေးဝတ်လဲတော် ပုဆိုး–၁၊ အမြိတ်ပါရွှေပွင့်ထိုး လက်သုတ်ပဝါတော်–၁၊ လက်စွဲတော်ဓား–၁၊ လက်စွဲတော်ယပ်–၁စသည်များကိုလည်း အဆောင်တော်တွင်းက ခင်းကျင်းထားရသည်။

နေရတော်ပတ်လည်တွင် တည်ထားရသည့် ပွဲတော်သောက်ရေတည်ရွှေဖလား၊ အလယ်နဝရတ်၊ အနားရတနာကိုးပါး၊ ၃–ရစ်စီရွှေ

mgyoe.com

mgyoe.com


သားကလပ်၊ ရွှေသားအုပ်ဆောင်းနှင့် သောက်တော်ရေပွဲတော်၊ လက်ဆေးတော်ခံရွှေဖလား၊ အနားထုပြောက်ရွှေသားကလပ်၊ ရွှေသားအုပ်ဆောင်းနှင့်၁၊ လက်တော်ပွတ်–၇၊ သဇင်မှုန့်၊ ပန်းစုံမှုန့်၊ ရွှေဖလားငယ်နှင့်–၁၊ နှင်းရည်ရွှေဖလားငယ်နှင့်–၁၊ ပန်းရောသည့်ဆပ်ပြာရွှေဖလားငယ်နှင့် ၁ တို့ကို ရွှေသားကလပ်၊ ရွှေသားအုပ်ဆောင်းနှင့်–၁၊ လက်သုတ်တော်ပဝါပိတ်ချောအမြိတ်ပါ ရွှေသားကလပ်နှင့် ရွှေကြာလင်ပန်းတွင် ကောင်းကင်စည်လက်ရွေးဆန်တစ်ပြည်ချက်ပြင်၍ ရွှေသားဒေါင်းပေါင်ရွှေအုပ်ဆောင်းနှင့်ပွဲတော်–၁ စသည်တို့ပါဝင်သည်။

ရွှေကြာလင်ပန်း၊ ရွှေဒေါင်းပေါင်ရွှေအုပ်ဆောင်းနှင့် ထောပတ်ထမင်းပွဲတော် ၁၊ ထိုနည်းတူ ပုစွန်ဆီထမင်းပွဲတော်–၁၊ နွားနို့ထမင်းပွဲတော်–၁၊ အုန်းထမင်းပွဲတော်–၁၊ ပဲထမင်းပွဲတော်–၁၊ ဘူး၊ ဖရုံ၊ ပဲလွမ်း၊ ပဲကြီး၊ ပဲသီး၊ ခရမ်းသီး၊ ဟင်းရည်၊ ရွှေသနွေး၊ ရွှေဇွန်းစုံပွဲ တော်–၁၊ ဖန်ဇလုံနှင့်ဟင်းလေး။

ထိုနည်းတူ ပွဲပြင်သည့်ပွဲတော်–၁၊ ရွှေသားပန်းကန်နှင့်ပြင်သည့် စမဲစုံပွဲတော်–၁၊ သနပ်စုံပွဲတော်–၁၊ စနစုံပွဲတော်–၁၊ သကြားမုန့်စုံပွဲတော်–၁၊ ယိုစုံပွဲတော်–၁၊ ရွှေသားကလပ်၊ ရွှေဖလား၊ ရွှေဇွန်းနှင့် ကုလားဆန်လွတ်ဆောင်း၊ သကြားနှင်းရည်နှင့်လုပ်သည့်ပွဲတော်–၁၊ မုန့်ဟင်းခါးပွဲတော်–၁၊ ရွှေဖလား၊ ရွှေဇွန်းနှင့် ရေဆေးထမင်းပွဲတော်–၁၊ ဆန်အိုးနှင့် ထန်းရည်ချိုပွဲတော်–၁၊ ကြံရည်ပွဲတော်–၁တို့လည်းပါဝင်သည်။

နန်းမတော်အရှင်မိဖုရားကလည်း ဆက်သရသည်မှာ အထက်ပါနည်းတူပြင်သည့် ထမင်းပွဲတော်–၁၊ ထောပတ်ထမင်းပွဲတော်–၁၊ နွားနို့ထမင်းပွဲတော်–၁၊ ဟင်းချိုပွဲတော်၊ စမဲစုံပွဲတော်၊ သနပ်စုံပွဲတော်၊ စနစုံပွဲတော်၊ အချိုစုံပွဲတော်၊ ဝတ်လဲတော်ပုဆိုး၊ ဝတ်လဲတော်ရအင်္ကျီ

mgyoe.com

mgyoe.com


တို့ဖြစ်သည်။ သမီးတော်ဖုရား၊ နှမတော်ဖုရား၊ မြောက်နန်းတော်ဖုရား၊ အလယ်နန်းတော်ဖုရားတို့ကလည်း ပွဲတော်–ဝတ်လဲတော်များကို အထက်ပါနည်းတူ ဆက်သကြရသည်။

မြို့စား၊ ရွာစား၊ အမည်ရကြီး၊ အမည်ရလတ်၊ မင်းကိုယ်လုပ်တော်တို့ကလည်း ဝတ်လဲတော်ဆက်သကြရသည်။ အတွင်းသေနာပတိ၊ အပြင်သေနာပတိမှစ၍ မှူးကြီးမတ်ကြီးတို့ကလည်း ဝတ်လဲတော်ပုဆိုး၊ အင်္ကျီအထိုက်အလျောက်ဆက်သရသည်။ စံပယ်တော်မူသည့် အဆောင်တော်မာရဘင်တံခါးတွင်းက ဖောင်းတော်၊ ဝတ်လဲတော်အသစ်ကို ဆင်တော်မူ၍ မင်း၊ မိဖုရား၊ မင်းကိုယ်လုပ်တော်ခြံရံလျက် အခါတော်ကိုင့်၍ စံနေတော်မူသည်။ အတွင်းဝန်တို့က အခါတော်နီးကြောင်းကိုလျှောက်လျှင် လက်စွဲတော်သားယပ်ကိုစွဲ၍ မင်း၊ မိဖုရား၊ ကိုယ်လုပ်တော်တို့ကိုခြံရံလျက် ထွက်တော်မူသည်။

ငြိမ်သက်လျှင် ဘုရား ၇ ဆူပူဇော်ပွဲရေချမ်းအိုးများကို သံတော်ဆင့်တို့က ဆက်သရသည်။ တင်လှူမြဲ စည်တော်တီးရန်အကြပ်မြင်းသည်တော်တို့က တင်လှူရသည်။ ပြီးလျှင် ရတနာသုံးပါးပူဇော်ပွဲကို ဘုရားလျှောက် ဆက်သရသည်။ ပြီးလျှင် သာသနာစောင့်နတ်၊ သမ္မာဒေဝနတ်မြတ်ပူဇော်ပွဲကို ဘုရားလျှောက်ဆက်ရသည်။

ပြီးလျှင် ခမည်းတော်ဘုရား၊ မယ်တော်ဘုရားပူဇော်ပွဲလျှောက်၍ ဆက်ရသည်။ ပူဇော်ပွဲသုံးပွဲ အဆောင်တော်မြဲက ကြပ်မတ်၍ ပွဲကိုင်ခန့်သူတို့နှင့် စွယ်တော်ကျောင်း၌တင်ရသည်။ ပြီးလျှင် သိကြား၊ ဗြဟ္မာ၊ စတုလောကပါလာ၊ မြို့တော်အစောင့်နတ်တို့ကို တင်ကြားရန် ပွဲကို ပုဏ္ဏားပညာရှိတို့ကိုအပ်၍ တင်မြဲတင်ရသည်။ အခါတော်ရောက်လျှင် ငြိမ်သက်စေ၍ အခါတော်အတိုင်း ပွဲတော်တည်သည်။ စည်တော်စုံမှစ၍ အတီး၊ အက သဘင်စုံ တီးမှုတ်ရသည်။ ပြီးလျှင် မင်္ဂလာစကား

mgyoe.com

mgyoe.com


လျှောက်ရသည်။

ခန့်သည့်အမတ်လျှောက်သည်ကား...

"ကောင်းမြတ်သောမင်္ဂလာနှစ်ဦး၊ လဦးဝယ်–အတာတော်သင့်
ပွဲတော်တည်သည့်နေ့မှစ၍ သက်တော်ရာကျော်ရှည်တော်မူ၍
သာသနာတော်မြတ်စီးပွား၊ ကိုယ်တော်စီးပွား၊ သားတော်အစဉ်၊
မြေးတော်အစဉ်အဆက်စီးပွား၊ ပြည်သူလူတကာ
သတ္တဝါအပေါင်းတို့ စီးပွားကိုဆောင်တော်မူနိုင်မည်။
အထူးထူးသောရတနာအပေါင်းတို့သည် ရွှေစက်တော်အောက်
လျှင်စွာရောက်ပါတော့မည်ဘုရား..."

ဟုလျှောက်ထားပြီးလျှင် ပွဲတော်အုပ်ကို ကောင်းမွန်စွာထုပ်၍ ထားရသည်။ ရက်လည်မှ ဝန်းကျင်သားတို့က ရေမှာငြိမ်းရသည်။ အရန်ပွဲတော်များမှာ သင့်ရာသနားတော်မူ၍ စားသောက်ကြရသည်။ နှစ်စဉ်ဆက်မြဲအတာပွဲမှာလည်း မှူးတော်မတ်တော်တို့ကို ကျွေးမြဲမြေနန်းတော်မှာ ကျွေးရသည်။

အတာတော်သင့် ဆွမ်းတော်ကိုလည်းဆိုင်ရာခန့်ထား၍ သက်တော်ပြည့်ကျွေးမြဲတွင် ရေအိုးပြည့်ဖက်စိမ်းအုပ်ပါရ၏။ မြေနန်းတော်မှာပင် ကျွေးရသည်။ အတာတော်သင့်ရေအိုး ရေပြည့်ဖက်စိမ်းအုပ် ၁၈ လုံး၊ ဆွမ်းထုပ်၊ ငါးကြော်၊ ငါးပေါင်းနှင့် ၁၈ ကိုလည်း နန်းမတော်ဝန်အကြီးတို့ကိုခန့်၍ အကြပ်အမတ်နှင့် ဆရာတော်တို့ကို လှူရသည်ဟု ဟံသာဝတီမင်း၏ အတာပွဲဆင်နွှဲပုံတွင် ဖော်ပြထားသည်။

သင်္ကြန်အခါတွင် ရေကိုပင် ခွဲခြားသတ်မှတ်ပေးလျက် မင်းခမ်းမင်းနားဖြင့် စီရင်ဆောင်ရွက်ကြသည်။ ပေးလှူရသောရေ၊ လောင်းပက်ရသောရေ၊ ခေါင်းလျှော်ကိုယ်လက်ဆေးရသောရေ ဟူ၍ခွဲခြားထားသည်။ တရော်ကင်ပွန်းကိုအခြေခံထား၍ တတ်နိုင်သမျှအမွှေးနံ့

mgyoe.com

mgyoe.com


သာထည့်ကာ ရိုးရာမပျက်သုံးစွဲလေ့ရှိကြသည်။ သင်္ကြန်အခါ၌ အသုံးပြုရန် ရေတော်ရှိရာအရပ်၊ ရေတော်သယ်ယူရာတွင် လိုက်ပါရသောသူ၊ ရေတော်သယ်ယူသူ၊ ရေတော်သယ်ပစ္စည်းအသုံးအဆောင် စသည်တို့အား ရွေးမင်းများထုံးစံရှိသည်နှင့်အညီ ခမ်းနားသိုက်မြိုက်စွာဆောင်ရွက်ကြရသည်။

သံတော်ဆင့်မင်းသည် ဘုရင်မင်းတရားအား သင်္ကြန်အချိန်ကိုလျှောက်တင်ရာ၌...

"တပေါင်းခါကျူး၊ လေပြေဖြူး၍၊ တန်ခူးတွင်မည်၊
သင်္ကြန်သည်ကား၊ အရှည်စင်စစ်၊ သက္ကရာဇ်စု–၁၂၁၇ ခု၊
အတိတ်ဥတု၊ ဂိမန္တ၊ တန်ခူးလဆန်း ၇ ရက်၊ သောကြာနေ့
နံနက် ၁ ချက်တီးကျော်၊ ၅ နာရီ–ပတ်ပြည့်–၁ဗိဇနာ
ပြန်ခရာပြည့်၊ ကရကတ်လတ်၊ မေထုန်ခန်း၊ ပထမ
ဟောရက်၊ ကြာသပတေးတြင်း၊ ကြာသပတေးနဝင်း၊
ကြာသပတေးဒွါဒသင်း၊ သောကြာတိန်သင်း၊ စနေဆတိန်သင်း၊
ဗုဒ္ဓဟူးတိန်သူမင်း..."

ဟု လျှောက်တင်သံဆုံးလျှင် သင်္ကြန်အချိန်အခါကျပြီဖြစ်ကြောင်း အများပြည်သူတို့သိရှိစေရန် ထန်းလုံးကိုအခေါင်းထွင်းထားသော အဆံမပါသည့် အမြောက်ဖြင့် ပစ်ဖောက်လှို့ဆော်ရလေ၏။ ယင်းအမြောက်အား သင်္ကြန်အခါတွင် ပစ်ဖောက်လေ့ရှိသောကြောင့် အဆံမပါ၊ သင်္ကြန်အမြောက်ဟု ခေါ်ဆိုကြသည်။ အချို့ဒေသများ၌-ထန်းလုံးအစား ဝါးပိုးဝါးကြီးများကို အဆစ်ထွင်းဖောက်၍သင်္ကြန်အမြောက်အဖြစ် ပစ်ဖောက်လေ့ရှိကြသည်။

သင်္ကြန်သမိုင်းကို ခြေရာခံကြည့်ရာ၌ အိန္ဒိယပြည်ရှိ ဟိန္ဒူဘုရင်များသည် ဂင်္ဂါမြစ်အတွင်းသို့ဆင်း၍ ရေချိုးခြင်း၊ ခေါင်းလျှော်ခြင်းတို့

mgyoe.com

mgyoe.com


ပြုလုပ်ကြစဉ် ရေပက်ကစားခြင်း၊ ကျီစယ်ခြင်းတို့ ရှိကြသည်။ အာသောကဘုရင်လက်ထက်တွင်လည်းရှိခဲ့ကြောင်း မှတ်တမ်းများတွင် တွေ့ရသည်။ ထိုဟိန္ဒူဓလေ့ မြစ်တွင်းရေချိုးဆင်းခြင်းအလေ့အထ အတိုင်း မြန်မာဘုရင်တို့သည်လည်း ဧရာဝတီမြစ်တွင်းသို့ နှစ်စဉ် ပူလောင်သော တန်ခူးလတွင် ရေဆင်းချိုးခြင်း၊ ခေါင်းလျှော်ခြင်း၊ ကိုယ်လက်သန့်စင်ခြင်းအမှုတို့အား မင်းခမ်းမင်းနားနှင့်တကွ ဆင်ယင်ကျင်းပလာကြသည်။

နောင်အခါတွင် ဧရာဝတီမြစ်၏ ရေချိုးဆိပ်၊ နေရာဒေသသတ်မှတ်လျက် အရံအတားပြုလုပ်ကာ ဘုရင်နှင့်မိဖုရား၊ မောင်းမမိဿံ၊ အခြွေအရံတို့ ရေကစားရာဖြစ်ခဲ့ကြသည်။

မြစ်အတွင်း ကမ်းစပ်၌ပင်တစ်ဦးကိုတစ်ဦး ရေပက်ကစားကြခြင်း၊ ကျီစယ်လှောင်ပြောင်ရေလောင်းပေးကြခြင်း စသည်ဖြင့် တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးစွာဆော့ကစားကြသည်။ သင်္ကြန်၏ ကနဦး၌ မင်းနှင့်တကွ မိဖုရားနှင့် ရွှေနန်းတော်နှင့်သက်ဆိုင်သော သားတော်၊ သမီးတော်များ၊ မှူးမတ်များ၊ ဝန်ကြီးဝန်ကတော် အစရှိသော နန်းတွင်းသူများသာ သီးသန့်ရေကစားမှုပြုကြခြင်းဖြစ်သည်။

နောင်သော်...ဘုရင်မင်းမြတ်၏ တန်ခူးလတွင် သင်္ကြန်ပွဲသဘင်ကျင်းပချိန်တိုင်း၊ တိုင်းသူပြည်သား လူအများတို့ကပါ တုပ၍ရေပက်ဖျန်းကစားလာကြသည်။ နောင်သောအခါ၌ ဘုရင်ကိုယ်တိုင်ပင် ဧရာဝတီမြစ်ပြင်နှင့် သဲသောင်စပ်တွင် ဆင်းသက်ရေကစားခြင်း မပြုတော့ဘဲ မိမိနန်းတော်တွင်း၌သာ မဏ္ဍပ်များဆောက်လုပ်၍ ခေါင်းလျှော်ခြင်း၊ ရေချိုးကစားခြင်း၊ ရေပက်ကစားခြင်းတို့ ပြုလုပ်တော့သည်။ မိမိ၏အခြွေအရံများကိုလည်း ဤနည်းနှင့်နှင့်ရေဖျန်းပက်ကစားစေကြရာမှ နောင်တွင် ထိုဓလေ့ပျံ့နှံ့သွားခဲ့တော့သည်။

mgyoe.com

mgyoe.com


ဟိန္ဒူဝါဒမှ ဆင်းသက်အတုယူ လုပ်ဆောင်လာကြသဖြင့် ပုရောဟိတ်၊ ပုဏ္ဏား၊ ဝေဒပညာရှင်၊ ဗေဒင်ပညာရှင်တို့သည် နက္ခတ်တာရာ၊ ဂြိုဟ်ခွင်၊ စန်းယှဉ်နက္ခတ်၊ ရာသီခွင်စသည်တို့အား တွက်ချက်ဟောကိန်းထုတ်၍ အခါပေးလာကြပြန်၏။

ပညာရှင်တို့က နှစ်သစ်ကူးပြောင်းသည့်အချိန်တွင် ဦးခေါင်းဆေးလျှော်၍ တစ်ဦးနှင့်တစ်ဦး ရေစင်သွန်းလောင်းခြင်း၊ အလှူဒါနပြုခြင်း၊ ဘုရားရေစင်ကပ်လှူခြင်း စသည့်ဟောကိန်း၊ ညွှန်းဆိုမှုများ ပြုလာကြသည်။

ထို့ကြောင့် နောင်သောအခါတွင် "သင်္ကြန်စာ" ဟူ၍ ဟောကိန်း၊ ညွှန်းစာလွှာတို့ ပေါ်ထွက်ခဲ့သည်။

## ရှေးအယူနှင့် ရှေးစကား

တာကူး၊ အတာကူး၏အဓိပ္ပာယ်ကို အချို့သော ပညာရှင်တို့က အာသိဖြဟ္မာမင်း၏ဦးခေါင်းကို နတ်သမီးခုနစ်ယောက်တို့ တစ်နှစ်ကို တစ်ယောက်ကျ တာဝန်ယူရသည်ကို အစွဲပြုကာ "တာ..."၊ "အတာ ..." ဟူသော ဝေါဟာရဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း၊ နှစ်ကုန်ဆုံးသော် ...နတ်သမီးတစ်ယောက်မှ နတ်သမီးနောက်တစ်ယောက်သို့ တာဝန်လွှဲပြောင်းယူသည်ကို "တာကူးခြင်း"၊ "အတာကူးခြင်း" ဟုခေါ်ကြောင်း ဖော်ပြကြသည်။

ဆရာကြီးဦးဖိုးလတ်၏ "မြန်မာ့ ၁၂ လ ရာသီများအဖွင့်" စာအုပ်တွင်ကား....

> တာ၊ အတာတို့၏အသုံးများနှင့် အသက်ဆိုင်ဆုံးအဓိပ္ပာယ်က တစ်ရက်တာ၊ တစ်လတာ၊ တစ်သက်တာ၊ တစ်နှစ်တာ...စသည်တို့မှာကဲ့သို့ အချိန်ကာလ...အချိန်ကာလ၏ အပိုင်းအခြား၊ ရက်၊

mgyoe.com

mgyoe.com



လ၊ ရာသီ၊ ဥတု၊ နှစ်၊ အသက်စသည်တို့ဖြစ်ကြသည်။ သို့ရာတွင်...ရာသီ ၁၂–ပါး၊ ရတု ၆–ပါး၊ ဥတု–၃ပါးရှိရာ တန်ခူးလ၌မည်သည့်ရာသီဥတုမျှကူးပြောင်းခြင်းမရှိ၊ နှစ်ဟောင်းမှနှစ်သစ်သို့ ကူးပြောင်းခြင်းသာရှိသည်။ ထို့ကြောင့် "တာကူး"၊ "အတာကူး" ဟူသည်မှာ "နှစ်ကူး" ဟု အဓိပ္ပာယ်ရပေသည်။

အတာကျ၊ အတာသင့်၊ အတာစားဟူသော ဝေါဟာရများ၌ (အဖို့–တာဝန်) ဟူသော အဓိပ္ပာယ်သက်ဝင်မှုများရှိသော်လည်း အတာသစ်၊ အတာဟောင်း၊ အတာကူး၊ အတာပြောင်း၊ အတာသဘင်စသည်တို့၌ "နှစ်" ဟူသောအဓိပ္ပာယ်ကို ယူရမည်သာဖြစ်သည်။ ပါဠိဘာသာ၌ အတာဟူသောဝေါဟာရသည် "အန္တပုဒ်" မှ ဆင်းသက်လာသည်။ အဓိပ္ပာယ်မှာ "အဆုံး" ဟု ဖြစ်သည်။ အန္တကနေ...အတာ၊ တာဟု အဆင့်ဆင့်ကူးပြောင်းလာသည်ဟု ယူဆကြသည်။ ထို့ကြောင့် နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ကူးပြောင်းသောလကို "အတာကူးလ" ဟု ခေါ်ကြသည်။

သင်္ကြန်ဟူသည် "သင်္ကြာန္တ" ဟူသောသက္ကတပုဒ်မှ ဆင်းသက်လာသည်ဟုဆိုသည်။ အချို့သောပညာရှင်တို့က "သင်္ကန္တ" ဟူသောပါဠိမှဆင်းသက်လာသည်ဟုဆိုသည်။ နှစ်ပုဒ်စလုံးသည် "ပြောင်းရွှေ့ခြင်း"၊ "ကူးပြောင်းခြင်း" ဟု အဓိပ္ပာယ်ရပေသည်။ အချို့ပညာရှင်များက သင်္ကြန်ဟူသော ဝေါဟာရသည် မြန်မာစကားသက်သက်သာဖြစ်ကြောင်း၊ "ခေါင်းဆေးသင်္ကြန်၊ ကောင်းညွန့်လှန်၊ မကျန်စေ့စုံစွာ" ဟူသောကဝိလက္ခဏာသတ်ပုံလင်္ကာနှင့်အညီ...ကောင်းခြင်းမင်္ဂလာကြန်အင်လက္ခဏာတိုးပွားစေရန် သုတ်သင်ဆေးကြောခြင်း သို့တည်းမဟုတ် ခေါင်းဆေးမင်္ဂလာပြုခြင်းကို သင်္ကြန်ဟုခေါ်ကြောင်း ဆိုကြသည်။

mgyoe.com

mgyoe.com


တန်ခူးလရာသီ မိဿပုံ

ထို့အပြင်… "မဟာသင်္ကြန်၊ တာသင်္ကြန်၊ သင်္ကြန်ဆယ့်နှစ်ချက်၊ ဖုဿျှသင်္ကြန်ခေါ်ဝေါ်ဟန် သင်္ကြန်ခေါင်းဆေးထွက်" ဟူသောသတ်ပုံလင်္ကာအရ… အတာသင်္ကြန်၊ မဟာသင်္ကြန်၊ ဖုဿျှသင်္ကြန်၊ သင်္ကြန်ဆယ့်နှစ်ပါး စသည်ဖြင့် သင်္ကြန်အမျိုးမျိုးရှိပေသည်။ အဟောင်းမှအသစ်ကူးပြောင်းခြင်းသည် ကောင်းသောလက္ခဏာဖြစ်သောကြောင့် လူမျိုးတိုင်းပင် နှစ်သစ်ကူးခြင်းကို မင်္ဂလာဟုသတ်မှတ်ကြသည်။

သို့တိုင်…နှစ်သစ်ကူးခြင်းကို ကြိုဆိုပုံ၊ ကျင်းပပုံ၊ ရက်သတ်မှတ်ပုံတို့ကား လူမျိုးတစ်မျိုးနှင့်တစ်မျိုး တူညီမှုမရှိကြပေ။ မြန်မာလူမျိုးတို့၏ နှစ်သစ်ကူးပွဲတော်မင်္ဂလာကား ရေပက်ဖျန်းကစားခြင်းဖြင့် ကျင်းပကြိုဆို ကူးပြောင်းကြသည်။ ရေပက်ကစားသောဓလေ့မှာလည်း တကောင်းခေတ်သာကီမျိုးတို့ အိန္ဒိယမှပါလာသော ဓလေ့ဟု သုတေသီတို့က ဆိုကြသည်။

မြန်မာတို့၏ နှစ်သစ်ကူးချိန်သည် မိန်ရာသီမှ မိဿရာသီသို့ ကူးပြောင်းချိန်ဖြစ်သည်။ မိန်ရာသီ၏ ရာသီရုပ်မှာ ငါးကြင်းနှစ်ကောင်

mgyoe.com

mgyoe.com


ဖြစ်သည်။ နက္ခတ်ကား မြှုးသဏ္ဍာန်ရှိ ရေဝတီနက္ခတ်ဖြစ်သည်။ တာရာမှာ ဦးဗျိုင်းရေငှက်တာရာဖြစ်သဖြင့် အားလုံးကိုခြုံ၍ကြည့်လိုက်သောအခါ နှစ်သစ်ကူးတွင် ရာသီကြိုက်၊ နက္ခတ်ကြိုက်၊ တာရာကြိုက်ရေကို ရှေးမြန်မာတို့အသုံးပြုခဲ့သလောဟု ဝေါဟာရလီနတ္ထဒီပနီကျမ်းဆရာတို့က အထင်စူးသည်။

နှစ်သစ်မင်္ဂလာတွင် မြန်မာတို့ပျော်ရွှင်ကြည်နူးစွာရေပက်ကစားခြင်းသည် အေးမြကြည်လင်ခြင်း၊ အညစ်အကြေးကို ဆေးကြောခြင်း၊ ရေကိုသား၍အကြားမထင်ခြင်းဟူသော ရေနိမိတ်သုံးမျိုးကို ယူကြခြင်းဖြစ်သည်။ ပြည်သူအများ နှစ်သစ်ကူးရေစင်ကဲ့သို့ အေးမြကြည်လင်စေသည့်သဘော…နှစ်ဟောင်းမှ အညစ်အကြေးတို့ကို ဆေးကြောသန့်စင်သည့်သဘော…တိုင်းရင်းသားပြည်သူအားလုံး ရေကိုသား၍အကြားမထင်သကဲ့သို့ စည်းစည်းလုံးလုံး၊ ချစ်ချစ်ခင်ခင် ရှိခြင်းသဘောဟု မွန်မြတ်သောရည်ရွယ်ချက်များ ပါဝင်နေပေသည်။

## သကြ်ာန်နှင့်အလေ့အထ…

အတာကူးသည့်တန်ခူးလတွင် ပိတောက်ပန်းနှင့် ငုပန်းတို့ ဝါဝါလှိုင်အောင်ပွင့်ဖူးကြလေ့ရှိသည်။ ထို့ကြောင့် အတာသင်္ကြန်၏ အထိမ်းအမှတ်အဖြစ် ပိတောက်ပန်းခက်နှင့် ငွေဖလားကို အမှတ်သညာပြုကြသည်။ ထို့ကြောင့်လည်း…

"လတန်ခူးပေမို့

အလှထူးပါဘိ၊ မြမြဖူးရယ်တဲ့ ခိုင်ရွှေဝါ" ဟု စာဆိုတော်ကြီးဦးကြော့က စာဖွဲ့ခဲ့ခြင်းဖြစ်ပေမည်။ အချို့အရပ်ဒေသ၌ ပိတောက် အစားသပြေခက်နှင့် ငွေဖလားတွဲဖက်အသုံးပြုကာ ရေကစားကြ သည်။ ဤမှာဘက်ခေတ်တွင် "ပန်းပိတောက်ကမွှေးမွှေး၊ အတာ

mgyoe.com

mgyoe.com


ရေကအေးအေး" စသည်ဖြင့် သံချပ်သံများမြိုင်ဆိုင်ကာဖြင့် သင်္ကြန်ပွဲကို ဆင်နွှဲခဲ့ကြသည်။

မြို့ကြီးပြကြီးများတွင်ကား အလှပြကား၊ အက၊ အလှ၊ သဘာဝစသည့် အသွင်ထူးတို့ဖြင့် ကားများတွင် ခင်းကျင်းကြကာ သင်္ကြန်မဏ္ဍပ်များရှိရာသို့ အသုံးတော်ခံဖျော်ဖြေလေ့ရှိကြသည်။ တန်ခူးလ၏အတာသင်္ကြန်ပွဲဆင်နွှဲကြရာ၌ တစ်ဦးနှင့်တစ်ဦး ရေပက်ဖျန်းကစားခြင်းအမှုသည် အေးမြပါစေ...အညစ်အကြေးများကင်းစင်ပါစေ... သန့်ရှင်းကြည်လင်ကြပါစေ...နှစ်သစ်တွင် စိတ်သစ်ဖြင့် ရွှင်လန်းနိုင်ကြပါစေဟူသော ဆန္ဒများအပြည့်အဝပါရှိကြသည်။

အတာသင်္ကြန်အခါသမယမတိုင်မီ၌မှာပင် သင်္ကြန်ကိုအစွဲပြု၍ "သင်္ကြန်စာ" ဟူ၍ အဦးဆုံးပေါ်ပေါက်လေသည်။ မြန်မာဘုရင်များလက်ထက်ကမူ နှစ်သစ်ကိုကူးပြောင်းရမည့် သင်္ကြန်ကျချိန်ကို ရဟန်းပညာရှိ၊ လူပညာရှိများက တွက်ချက်၍ ဘုရင်မင်းမြတ်ထံဆက်သရသည်။ ထိုသင်္ကြန်တွက်ကိန်းကို ရွှေမြို့တော်ဝန်းကျင်လောက်ကသာ သိနိုင်ခွင့်ရှိလေသည်။ တောသူတောင်သား၊ လယ်သမား၊ ယာသမားများမှာမူ လှည့်လည်၍ ဟောပြောလေ့ရှိသောပုဏ္ဏားတို့ထံမှ ကြားသိကြရသည်။

ယခုအခါတွင်ကား စာပုံနှိပ်စက်များ ထွန်းကားလာသော ကာလဝယ် ပုဏ္ဏားပညာရှိတို့က သင်္ကြန်စာဟောစာတမ်းဟူ၍ ရိုက်နှိပ်ထုတ်ဝေလျက်ရှိသဖြင့် ကျယ်ကျယ်ပြန့်ပြန့် တောရောမြို့ပါ သိခွင့်ရှိလေသည်။တောသူတောင်သားများသည်သင်္ကြန်စာများကိုရိုးရာအလျောက်အားထားယုံကြည်ကြသည်။ ဥပမာ–သင်္ကြန်စာတွင် သိကြားမင်းသည် နဂါးစီး၍ မီးတုတ်ကိုင်ဆင်းသည့်ပုံဖြင့် ဖော်ပြထားပါလျှင် ထိုနှစ် အဖို့ရေကြီးပြီး မီးလောင်မှု ပေါ်များမည်ဟု မှတ်ယူကြသည်။ ပုံတွင်

mgyoe.com

mgyoe.com


သန်လျက်ကိုင်ဆင်းလျှင် တိုက်ခိုက်သတ်ဖြတ်မှုများ ပေါများဖြစ်ပေါ်စေမည်ဟု မှတ်ယူကြသည်။ ယင်းသင်္ကြန်စာမှာ ပုဏ္ဏားပညာရှိတို့၏ ရှေ့ဖြစ်ဖတ်နည်း နိမိတ်အဟောများသာဖြစ်ပြီး ယုံကြည်မှုရှိကြသော မြန်မာတို့ကလည်း လိုက်နာရှောင်ကြဉ်ကြသည်။

သင်္ကြန်ကျမည့်ရက်တွင် သင်္ကြန်ကိုကြိုဆိုသောအားဖြင့် မြန်မာတို့သည် အတာရေအိုးကလေးများ၌ (၇)ရက်သားသမီးများ ကျန်းမာရွှင်လန်းစေကြောင်း ရည်မှန်းလျက် နေ့နံ(၇)မျိုးပါသောပန်းများ၊ သစ်ရွက်၊ သစ်နွယ်များ ထိုးစိုက်ထားလေ့ရှိကြသည်။ တနင်္ဂနွေနံဖြစ်သော အုန်းလက်၊ တနင်္လာနံဖြစ်သော ကံ့ကော်ညွှန့်၊ အင်္ဂါနံဖြစ်သော ဆီးညွှန့်ဆီးခက်၊ ဗုဒ္ဓဟူးနံဖြစ်သော ရွက်လှပန်း၊ ကြာသပတေးနံဖြစ်သော မြေဇာခက်၊ သောကြာနံဖြစ်သော သီဟိုဠ်ညွှန့်၊ စနေနံဖြစ်သော ဒန်းပန်းစသည့် ၇ မျိုးသော ပန်း၊ အခက်၊ အရွက်၊ အနွယ်တို့ဖြင့် တာအိုးတွင် ထိုးစိုက်ကြိုဆိုလေ့ ရှိကြသည်။

တာသင်္ကြန်တွင် အချို့ကား မုန့်လုံးရေပေါ်ဒါနပြုကြသည်။ အချို့က နံ့သာဖြူနံ့သင်းသင်း၊ ဖယောင်းနံ့ပျပျရသော သင်္ကြန်ထမင်းဖြင့် စတုဒိသာကျွေးမွေးလှူဒါန်းကြသည်။ သင်္ကြန်၏ဤမှာဘက်ပိုင်းတွင် သက်ကြီးရွယ်အိုတို့အား ခေါင်းလျှော်ပေးခြင်း၊ ခြေသည်းလက်သည်း ညှပ်ပေးခြင်း၊ ဥပုသ်စောင့်ခြင်း၊ တရားရိပ်သာဝင်ခြင်း၊ ပရိတ်ရွတ်ခြင်း၊ အလှူဒါနပြုခြင်း၊ ဘေးမဲ့နွားလွှတ်ခြင်း၊ ငါးသက်စေ့လွှတ်ကြခြင်းစသည့် ဘာသာရေးပွဲများ ပူးတွဲဆောင်ရွက်လေ့ရှိကြသည်။ ထို့ကြောင့်လည်း မြန်မာတို့၏ နှစ်ကူးတာသင်္ကြန်ပွဲမှာ မင်္ဂလာအပေါင်းနှင့် ပြီးပြည့်စုံနေပေသည်။

ထို့အပြင် တိုင်းရင်းသားရခိုင်လူမျိုးတို့၏ လောင်းလေ့ကြီး၏ ဝမ်းဗိုက်တွင် ရေအပြည့်ထည့်လျက် လှပျိုဖြူတို့က တစ်ဖက်၊ ကာလ

mgyoe.com

mgyoe.com


သားတို့ကတစ်ဖက် ကိုယ်နှစ်သက်ရာရာကို ရေပက်ကျီစယ်ကြသော ရေသဘင်ပွဲမှာ ကြည်နူးစရာအလွန်ကောင်းလှသည်။ ရခိုင်တို့၏ နံ့သာသွေးပွဲမှာလည်း ကျော်ကြားလှသော ပြိုင်ပွဲဓလေ့တစ်ခုဖြစ်သည်။ ထို့ကြောင့်လည်း ခေတ်စမ်းစာဆိုဖြစ်သော ဆရာဇော်ဂျီက အတာသင်္ကြန်ပွဲသဘင်အား ဤသို့ဖော်ကျူးစပ်ဆိုပြသွားခဲ့သည်။

"နှစ်သစ်ကူးတဲ့၊ တန်ခူးခါမှာ၊
ဒါနကတဝေဝေ၊ ရေတွေကတရွှဲရွှဲ၊
ပျော်ပွဲကတဝင့်ဝင့်၊ ကဲလို့သာဆင့်ရော့
အရွယ်သင့်အရွယ်ငယ်၊ မြန်မာတွေထည်လိုက်ကြ"
"ဘယ်မြေဟာ စေတီပေါမယ်လဲ့၊
ဘယ်ပြည်ဟာ အပျော်ကျောမယ်တဲ့၊
စိတ်ဓာမြန်ဗမာမှာဖြင့်
သံသရာဂရုထားသူမို့၊ ပါးလိုက်ကြပျော်ပျော်သာ
အခါကနှစ်ဆန်း။

(ဇော်ဂျီ)

❑

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# လပြတ်ကဆုန်

## ကဆုန်လသင်္ခိပ်

ဝေါဟာရနှင့် ဉာဏ်အဖွင့်


| | | |
|---|---|---|
| ရာသီလအမည် | = | ကဆုန်လ |
| ရာသီအမည် | = | ပြိဿရာသီ |
| ရာသီပွဲတော် | = | ညောင်ရေသွန်းပွဲတော် |
| ရာသီပန်း | = | စံကားပန်း |
| ရာသီနက္ခတ် | = | ဝိသာခါနက္ခတ် |
| စန်းယှဉ်တာရာ | = | တံငါတာရာ |
| ရာသီရုပ် | = | နွားလားဥသဘ |
| နာရီစက် | = | နေ့ ၃၂ နာရီ၊ ည ၂၈ နာရီ |
| ရက် | = | ရက်စုံ–၃၀ ရက် |
| ရက်ရာဇာ | = | ကြာသပတေးနှင့်စနေ |
| ပြဿဒါး | = | ဗုဒ္ဓဟူးနှင့်သောကြာ |
| မွန်းတည့်နေ | = | ၂–ဘဝါး |

mgyoe.com

mgyoe.com


မြန်မာ့ တစ်ဆယ့်နှစ်လတွင် ကဆုန်လသည် ဒုတိယမြောက် လဖြစ်ပြီး ရက်စုံသောရက် ၃၀ လဖြစ်ကာ နွေဥတုတွင် ပါဝင်သည်။ ကဆုန်လ၏အနက်ကို ဖွင့်ဆိုရသော်..."က"...မှာ မြန်မာတို့နှင့် အနွယ်တူတိဗက်၊ တရုတ်နှင့် ထိုင်းဘာသာစကားတို့နည်းတူစွာ "ရေ" ဟု အနက်ကိုရသည်။ "ကု" ဟုလည်း ခေါ်တွင်လေ၏။ "ဆုန်" ဟူသည်ကား ရှမ်း၊ ကချင်နှင့်အနွယ်တူ တရုတ်ဘာသာစကားတို့အရ "သွန်းခြင်း"၊ "လောင်းခြင်း"၊ "ဖျန်းခြင်း" ဟု အနက်ရလေ၏။ ထို့ကြောင့် ဤလကို ရေသွန်းလ၊ ရေဖျန်းလ၊ ရေလောင်းလဟု အနက်ဖွင့်ဆိုကြသည်။

ဤလတွင် ဝိသာခါနက္ခတ်နှင့် စန်းယှဉ်ပြီး မွန်းတည့်သောကြောင့် "ဝိသာခါမာသ" ဟု ခေါ်ဆိုသည်။ တစ်ဖန် ဗေဒင်ကျမ်းများ အလိုအရ "ထိရရာသီ" ဟူ၍လည်းခေါ်သည်။ ကောင်းကင်တွင် နက္ခတ်တာရာတို့သည် အားအစွမ်းဖြင့် ပြည့်စုံသောနွားလားဥသဘ ပုံဖြစ်ပေါ်နေသည်ကို




ကဆုန်လရာသီ ပြိဿပုံ

mgyoe.com

mgyoe.com


အကြောင်းပြုကာ "ပြိဿရာသီ" ဟု အခေါ်များကြသည်။

ဝိသာခါနက္ခတ်နှင့် ဆင်တာရာတို့သည် မွန်းတည့်ကာ လမင်းအားခြံရံသောလဖြစ်သည့်နည်းတူ နေမင်းကိုလည်း ကြတ္တိကာနက္ခတ်ကာဆီးထားပေသည်။ ရာသီပန်းအဖြစ် စံကားပန်းများပွင့်သော ဤလ၌ နေ့တာသည် အလွန်ရှည်လျားလေ၏။ နေ့နာရီမှာ ၃၂ နာရီရှိပြီး ညနာရီမှာ ၂၈ နာရီသာရှိလေသည်။ မွန်းတည့်ဖဝါးမှာ နှစ်ဖဝါးဖြစ်သည်။

ရှေးယခင်က "ကဆုန်လ" အမည်မှာ ကုဆုန်၊ ကူဆုန်၊ ခူဆုန်၊ ခုဆုန်" ဟူ၍ အမျိုးမျိုးရေးသားကြသည်ကို တွေ့ရသည်။ ပုဂံခေတ်၏ရှေးကျသော ကျောက်စာများဖြစ်သော သံပျင်ယင်ကောင်ဘုရားကျောက်စာ၊ ပရိမ္မထီးလှိုင်ရှင်ဘုရားကျောက်စာ၊ ကူနီဘုရားကျောက်စာတို့တွင် "ကုဆုန်" ဟု ရေးထိုးခဲ့ကြသည်ကို တွေ့ရသည်။ သို့ရာတွင် ပုဂံတိုင်းချွတ်ဘုရားကျောက်စာ၊ မင်းအိုချမ်းသာမြောက်ဘုရားကျောက်စာတို့တွင်ကား "ကဆုန်" ဟု ရေးထိုးထားကြောင်း တွေ့ရသည်။

က...၏အနက်သည် ဤနေရာ၌ တံငါသည်ဟောကေဝဋ္ဋ်ပုဏ္ဏား၊ ကေးဝဋ္ဋ်တာရာတို့ကဲ့သို့ "ရေ" ကိုယူရမည်ဟု (ဧကက္ခရကောသဋီကာ" ၌ လာသည့်အတိုင်း မှတ်သားရမည်ဆိုလေသည်။ "ဆုန်" မှာ စုတ်သည်ဆုတ်သည်ဟူသကဲ့သို့ပင် စုန်ကိုယူရမည်ဖြစ်သည်။ ထို့ကြောင့် ကဆုန်၏စကား၌ မြစ်အောက်သို့ရေများစုန်ဆင်းသောလဟု အနက်ဖွင့်ကြသည်။ သို့သော်...စုန်ကိုစုန်ဆင်းခြင်းဟူ၍ချည်း အဓိပ္ပာယ်မကောက်ဘဲ ခုန်မှဆုန်သို့ဆင်းသက်လာဟန်ရှိသည့်အတွက် ဆုန်သည်စုန်ကဲ့သို့ပင်သွန်းခြင်း၊ လောင်းခြင်း၊ ဖျန်းခြင်း အဓိပ္ပာယ်ရှိသည်ဟု ယူဆပေသည်။

mgyoe.com

mgyoe.com


ဝေါဟာရလီနတ္ထဒီပနီတွင်မူ "ထိုရာသီကိုစွဲ၍ မြန်မာသူဟောင်းတို့က ကဆုန်လ ခေါ်ဝေါ်ကြသည်။ မြန်မာဘာသာတွင် ပညာရှိတို့ကြံသည်ကား "ကံဥဒကံဆိန္နတိတိကဆိန်" ဟု ဝစနတ္ထရသည်။ "ယောမာသော၊ အကြင်လသည်...ကံ၊ ဥဒကံ၊ ရေကိုဆိန္နတိ၊ ဖြတ်တတ်၏။ ဣတိထမန္တာ၊ ထို့ကြောင့် သောမာသော၊ ထိုလသည် ကဆိန်၊ ကဆုန်မည်၏။ အဓိပ္ပာယ်မှာ ဆည်မြောင်းချောင်းကန်အင်းအိုင် ၌ရေစစ်သောလ၊ ရေပြတ်သောလဟု ဆိုပေသည်။ ထို့ကြောင့် ကဆုန်လကို ရေပြတ်သောလဟု အဓိပ္ပာယ်ဖွင့်ဆိုကြသည်။

ကဆုန်လသည် အပူဓာတ်လွန်ကဲသောလဖြစ်သော်လည်း လကုန်ပိုင်းတွင် မုတ်သုန်လေဆော်သွေး၍ မုတ်သုန်မိုးတစ်ပြိုက်နှစ်ပြိုက်ရွာသွန်းဖြိုးတတ်သည်။ ကဆုန်လသည် နွေရာသီ၏ ဗဟိုချက်မအလယ်တွင်ကျသဖြင့် အလွန်လည်းပူပြင်းလှသည်။ "ကဆုန်နယုန်ဆွေ့ဆွေ့ခုန်" ဆိုသည့်အတိုင်း ပုံမှန်ငြိမ်သက်၍ မနေနိုင်အောင်ပင် ဆွေ့ဆွေ့ခုန်နေရလုမတတ် အပူရှိန်လွန်ကဲလေသည်။


အချို့စာဆိုတို့က "တန်ခူးရေကုန်၊ ကဆုန်ရေခန်း" ဟုဆိုကြသည်။

## ကဆုန်လ၏နက္ခတ်...

ဤကဆုန်လပြည့်နေ့ ညဥ့်သန်းခေါင်ယံအချိန်၌ ငွေစန္ဒာလပြည့်ဝန်းကြီးသည် "ဝိသာခါ" နက္ခတ်ကြယ်စုနှင့် တောင်မြောက်ယှဉ်ပြိုင်၍ ထွန်းလင်းကြလေ၏။ ထို့ကြောင့် ဤလကိုစန်းယှဉ်နက္ခတ်အမည်အားဖြင့် ဝိသာခါဟုခေါ်တွင်လေသည်။ "ရတုမာသ" ကဆုန်လဟုပြည့်ဝဝင်းဝါ၊ ဝိသာခါနှင့် စန္ဒာလဂန်း၊ တူပြိုင်ထွန်းသည်..." ဟူ၍လည်းကောင်း၊ "ကဆုန်ပန္နရာ၊ ဝိသာခါ၊ ဆောင်ရာအမြဲမှတ်..." ဟူ၍

mgyoe.com

mgyoe.com

**ကဆုန်လ၏နက္ခတ် ဝိသာခါပုံ**

လည်းကောင်း ဆိုစမှတ်ရှိကြလေသည်။

မြန်မာနက္ခတ်နယ်ပယ်၌ ဝိသာခါနက္ခတ်ကြယ်နှစ်မျိုး ကွဲပြားခြင်းရှိကြောင်း တွေ့ရသည်။ ပထမဝိသာခါမှာ "ဝိသာခါနှိုင်း၊ ၁၄ ဆိုင်းပတ်ဝိုင်းအနေခို" ဟူ၍လည်းကောင်း၊ "၁၄ လုံးသာ၊ ဝိသာခါ၊ ပမာသရဖူဆို..." ဟူ၍လည်းကောင်း နက္ခတ်လင်္ကာပြုခြင်းခံရသော ပစောက်သရဖူပုံ သို့မဟုတ် ဆိုင်းဝိုင်းပုံ ၁၄ လုံးကြယ်စုကလေးဖြစ်သည်။ ယင်းမှာ သွာတိနှင့်တံငါတာရာအကြားတွင် ရှိလေသည်။

ဒုတိယဝိသာခါမှာ... ဤသမယ၌ပင် တောင်ဘက်ကပ်၍ အပြိုင်ပေါ်ထွန်းတွေ့ရှိရသော ကြယ်ခြောက်လုံးရှိ နနွင်းမကင်းပုံကြယ်စု၊ တူရာသီချိန်ခွင်ရုပ်တွင် ဖွဲ့စည်းပါဝင်သည့် ကြယ်ပင်ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးတို့သည် ကဆုန်လပြည့်နေ့ကို နေ့ထူးနေ့မြတ်နေ့အဖြစ် သတ်မှတ်ထားကြသည်။ အဘယ်ကြောင့်ဆိုသော် ကဆုန်လသည် ဗုဒ္ဓနှင့်အများဆုံးသက်ဆိုင်နေသောကြောင့်ဖြစ်သည်။ "ဗျာ

mgyoe.com

mgyoe.com


ဒိတ်၊ ဖွားမြင်၊ ဗောဓိပင်၊ စံဝင်နန်းနိဗ္ဗာန်" ဟူသောစာဆိုနှင့်အညီ ဤကဆုန်လပြည့်နေ့တွင် ဗုဒ္ဓနှင့်ဆက်နွယ်သော ထူးခြားသောသမိုင်းမှတ်တိုင်များရှိခဲ့သည်။

၁။ ဘုရားအလောင်းတော် သုမေဓာရှင်ရသေ့သည် ဒီပင်္ကရာဘုရားရှင်ထံမှ ဘုရားစင်စစ်ကေန်ဖြစ်လိမ့်မည်ဟု နိယတဗျာဒိတ်တော်ခံယူရရှိသည့်နေ့သည် ဤကဆုန်လပြည့်နေ့ ဖြစ်သည်။

၂။ မဟာသက္ကရာဇ် ၆၈ ခုနှစ်၊ ကဆုန်လပြည့်နေ့ သောကြာနေ့ နံနက်တစ်ချက်တီးအချိန်၊ ဝိသာခါနက္ခတ်နှင့်စန်းယှဉ်၍ ကပိလဝတ်ပြည်နှင့် ဒေဝဒဟပြည်အကြား လုမ္ဗိနီသာမောအင်ကြင်းတောဝယ် သုဒ္ဓေါဓနမင်းကြီး၏ ရှုမငြီးသော ကြင်ယာတော် မယ်တော်မာယာ၏ ဝမ်းကြာတိုက်မှ ဘုရားလောင်းတော်ကို မီးရှူးသန့်စင်ဖွားမြင်တော်မူခဲ့သည်။

၃။ ဘုရားလောင်းတော်သည် ကဆုန်လပြည့်နေ့တွင် သစ္စာလေးပါးကို သိမြင်တော်မူပြီး ဘုရားအဖြစ်သို့ ရောက်ရှိခဲ့သည်။

၄။ ကာဠုဒါယီ၊ ယသော်၊ ညီတော်၊ ဆန္န၊ ကဏ္ဍက၊ သောဏ္ဍာ၊ ဗုဒ္ဓဟေဆိုသည်နှင့်အညီ ဖွားဖက်တော်ခုနစ်ပါးတွင် ပါဝင်သော ညောင်ဗုဒ္ဓဟေ (ဗောဓိပင်) သည်လည်း ကဆုန်လပြည့်နေ့ တွင်ပင် ပေါက်ရောက်ခဲ့သည်။

၅။ သက္ကရာဇ် ၁၄၈ ခုနှစ်၊ ဤကဆုန်လပြည့်နေ့၌ပင် ဝါတော် ၄၅ ဝါ၊ သက်တော် ၈၀ အရတွင် ဘုရားရှင်သည် နယ်မာလာတိုင်း၊ ကုသိနာရုံရှိ အင်ကြင်းတောဝယ် ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့ခြင်း ဖြစ်သည်။

mgyoe.com

mgyoe.com


မြတ်စွာဘုရားအဖြစ်သို့ ရောက်တော်မူမည့်နေ့ နံနက်ပိုင်းတွင်လည်း သုဇာတာ သူကြွယ်သမီးဃနာနို့ဆွမ်းဆက်ကပ်ခြင်းခံရသည်မှာ သေနနိဂုံးရွာအနီး ညောင်ပင်ရင်းတွင်ဖြစ်သည်။ ဘုရားအဖြစ်သို့ ရောက်တော်မူသည်မှာလည်း ဗောဓိညောင်ပင်ရင်းတွင်ဖြစ်သည်။

**ကဆုန်လနှင့် ညောင်ရေသွန်းခြင်းအစ...**

"တန်ခူးရေကုန်...ကဆုန်ရေခန်း" ဟူ၍ ဆိုစမှတ်ရှိကြသည့်အ တိုင်း ကဆုန်လသည် နွေလယ်လဖြစ်သည်နှင့်အညီ အလွန်ပူပြင်း လေသည်။ အချို့သောမြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ကန် တို့သည်လည်း ရေခန်းကုန်ကြလေ၏။ မိမိတို့တစ်တွေ အထွတ်အမြတ်ထားသော ဗောဓိညောင်ရွှေဗုဒ္ဓဟောပင်ကြီးသည် ရေလို၍ညှိုးလျှနေခြင်း မဖြစ်စေလင့်ပေ။ ထို့ကြောင့် ဗောဓိညောင်ရွှေဗုဒ္ဓဟောပင်ကြီး စိမ်းလန်းစိုပြည်၍ အဖွန့်ရှည်စေခြင်းငှာ ဤလပြည့်နေ့၌ ညောင်ရေသွန်းလောင်းပူဇော်ပွဲကို ခြိမ့်ခြိမ့်သဲကျင်းပရိုးဖြစ်လေသည်။

ဤအစဉ်အလာကား မြတ်စွာဘုရားသက်တော်ထင်ရှားရှိနေစဉ်ကာလကပင် စတင်ပေါ်ထွန်းခဲ့ခြင်းဖြစ်သည်။ သာဝတ္ထိပြည်တွင် ပသေနဒီကောသလမင်းကြီးဦးဆောင်ကာ ဤညောင်ရေသွန်းလောင်းပွဲသဘင်ကို အစပြုခဲ့ခြင်းဖြစ်သည်။

**"ဝါလေးဆယ့်ငါး၊ မနားမနေ၊ အင်ကြင်းမြိုင်နန်း၊ မှာတမ်းတော်ချွေ၊ နိဗ္ဗာန်နန်းသို့စံမြန်းခဲ့ပေ၊ ကဆုန်လ–ပုဏ္ဏ–ဒိဝသေ"** ဟူသည့် မှတ်သားဖွယ်စကားနှင့်အညီ လွန်ခဲ့သော ၂၅၃၁ ခုနှစ်၊ မဟာသက္ကရာဇ် ၁၄၈ ခုနှစ်၊ ကဆုန်လပြည့်နေ့၌ ဖြစ်လေ၏။ မြတ်စွာဘုရားသခင်သည် "ဟိရညဝတီ" မြစ်ကို ဖြတ်ကူးပြီးလျှင် ကုသိနာရုံရှိ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်သို့ ဖွားဖက်တော်ညီတော်အာနန္ဒာနှင့်

mgyoe.com

mgyoe.com


အတူ ဆိုက်ရောက်တော်မူခဲ့လေသည်။

ထိုအခါ၌ ရှင်တော်ဂေါတမသည် အင်ကြင်းပင်ပျိုနှစ်ပင်အကြား တွင် ခင်းထားအပ်သော ညောင်စောင်းငယ်တစ်ခုအထက်တွင် လက်ယာနံပါးဖြင့် လျောင်းတော်မူရင်း သတိသမ္ပဇဉ်ဆင်ခြင်ကာ ညီတော်အား ဤသို့မိန့်ခြွေ၏။

"အာနန္ဒာ... ငါဘုရားကို ဆွမ်း၊ သင်္ကန်း၊ ပန်းနှင့် ဆီမီးစသော လှူဖွယ် ဝတ္ထုပစ္စည်းတို့ဖြင့် လှူဒါန်းခြင်းဟူသော "အာမိသ" ပူဇာကိုပူဇော်ခြင်းသည် ငါဘုရားကို အမှန်အလေးပြုအပ်၊ မြတ်နိုးအပ်၊ ပူဇော်အပ်သည်ဟူ၍မမည်...ယင်းအစား ငါဟောကြားမိန့်ဆိုဆုံးမအပ်သော ဩဝါဒစကားအဆိုအမိန့်အတိုင်း ကျင့်ကြံလိုက်နာ၍ နေထိုင်ခြင်းဟူသော ဓမ္မပူဇာဖြင့် ပူဇော်ခြင်းသည်သာလျှင် ငါဘုရားကို မြတ်နိုးရာမည်သည်။ ပူဇော်ရာရောက်သည်။ အလေးဂရုပြုရာရောက်သည်ဖြစ်၏။ စိတ်ဖြင့် မြတ်နိုးရာလည်းဟူလေ၏။ ကောင်းသောပူဇော်ရာလည်း မည်လေသည်။ ထို့ကြောင့် ငါ့ကိုသက်ဝင်ယုံကြည်သူတို့သည် ငါ၏ အဆုံးအမဩဝါဒတရားတို့ကို လိုက်နာပြုကျင့်ကြိုးစားနေနိုင်ရစ်ကြပါစေလော့"

ဤသို့ဖြင့် ဤကဆုန်လနှင့် ကဆုန်လပြည့်နေ့၌ မြတ်စွာဘုရားရှင်အား အထူးတလည်သတိတရရှိကြလျက် ပူဇော်ပွဲသဘင်ဆင်ယင်ကျင်းပကြကုန်သည်။

### ဗောဓိရွှေညောင်နှင့်လကဆုန်...

ကဆုန်လ၏ ထင်ရှားသောပွဲတော်မှာ ညောင်ရေသွန်းပွဲတော်ဖြစ်သည်။ ဤကဆုန်လပြည့်နေ့တွင် ဗျာဒိတ်ခံယူရခြင်း၊ ဖွားမြင်ခြင်း၊ ဘုရားအဖြစ်သို့ ရောက်တော်မူခြင်းနှင့် ပရိနိဗ္ဗာန်စံဝင်တော်မူခြင်း

mgyoe.com

mgyoe.com


စသည်တို့နှင့် တိုက်ဆိုင်ခဲ့သည်။ ရှေးအစဉ်အဆက်က ညောင်ရေသွန်းလောင်းသည့် ဗောဓိညောင်ပင်များကား မြတ်စွာဘုရားပွင့်တော်မူရာ မဟာဗောဓိပင်မှ ကိုင်းပွားများ သို့မဟုတ် မဟာဗောဓိပင်ကြီးကို ရည်စူးစိုက်ပျိုးထားသော ညောင်ပင်များဖြစ်သည်။

မဟာဗောဓိပင်သည် ပရိဘောဂစေတီလည်းထိုက်သည်။ "ကာဠု၊ ယသော်၊ ညီတော်၊ ဆန္န၊ ကဏ္ဍက၊ သောဏ္ဍ၊ ဗုဒ္ဓဟော" စာဆိုရှိသည့် အတိုင်း မြတ်စွာဘုရား၏ ဖွားဖက်တော် ၇ ပါးတွင် တစ်ပါးပါဝင်ခြင်း၊ သစ္စာလေးပါး တရားတော်မြတ်ကို ရရှိသောနေရာဖြစ်ခြင်းကြောင့် မြင့်မြတ်သည့်ညောင်ပင်။ ရှိခိုးကော်ရော်ပူဇော်ထိုက်သော ညောင်ပင်ဖြစ်ချေသည်။

မြတ်စွာဘုရားပွင့်တော်မူရာမဟာဗောဓိပင်ကြီးမှ ဗောဓိပင်များပွားများလာပုံမှာ ဤသို့တည်း။ မြတ်စွာဘုရားသည် သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် တစ်နေ့သောအခါ၌ သာဝတ္ထိပြည်သူပြည်သားများသည် ပန်းနံ့သာစွဲလျက် မြတ်စွာဘုရားအား ပူဇော်ရန်ရောက်လာခဲ့ကြ၏။ ထိုအချိန်တွင် မြတ်စွာဘုရားရှင်သည် ဒေသစာရီကြွချီတော်မူခိုက်ဖြစ်၍ ဒါယကာ၊ ဒါယိကာမများမှာ စိတ်လက်မကြည်မသာဖြင့် ပြန်သွားကြရလေသည်။

ထိုအကြောင်းကို ရှင်အာနန္ဒာသိသောအခါ "အရှင်ဘုရား... ဒေသစာရီကြွချီတော်မူချိန်တွင် ဇေတဝန်ကျောင်းတော်ကြီးမှာ ကိုးကွယ်ရာကင်းနေပါသောကြောင့် လူအများပူဇော်မှုပြုနိုင်စေရန် ဇေတဝန်ကျောင်းတော်မုခ်ဝ၌ မဟာဗောဓိပင်၏ အစေ့ကိုစိုက်လိုပါသည်ဘုရား" ဟု လျှောက်ထားခွင့်ပန်လေသည်။

ရှင်တော်ဘုရားသည်လည်း "ထိုသို့စိုက်ပျိုးထားဘိလျှင် ငါမရှိသော်လည်း ငါအမြဲနေဘိသကဲ့သို့ ဖြစ်ချေ၍ ကောင်းလှပေ၏" ဟု

mgyoe.com

mgyoe.com


ခွင့်ပြုတော်မူခဲ့လေသည်။ ထို့ကြောင့် ရှင်အာနန္ဒာသည် ဇေတဝန်ကျောင်းတော်တံခါးဝ၌ ဗောဓိပင်စိုက်ပျိုးရန်အတွက် ကောသလမင်း၊ အနာထပိဏ်သူဌေးနှင့် ဝိသာခါဒါယိကာမကြီးတို့အား တာဝန်ပေးခဲ့သည်။

အရှင်မဟာမောဂ္ဂလာန်မထေရ်သည် မူလမဟာဗောဓိပင်ကြီးမှ ကြွေကျလာသော မဟာဗောဓိသီးမှည့်ကိုမြေသို့မရောက်မီ ခံယူခဲ့ပြီး ယူဆောင်လာရာ အစီအစဉ်အတိုင်း ကျောင်းမုခ်ဝ၌ စိုက်ပျိုးကြလေသည်။ ထိုဗောဓိပင်ကို အရှင်အာနန္ဒာကြီးမှူးစိုက်ပျိုးသောကြောင့် "အာနန္ဒာဗောဓိ" ဟုခေါ်တွင်သည်။ ထိုဗောဓိပင်ကို မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်ကပင် လူအများကိုးကွယ်ပူဇော်ကြသည်ဟု "တေရသကနိပါတ်၊ ကာလိင်္ဂဗောဓိဇာတ်" ၌ လာရှိပေသည်။

အစေ့မှစိုက်ပျိုးသော အာနန္ဒာဗောဓိသည် ထင်ရှားလေသည်။ ထိုကဲ့သို့ထင်ရှားသောအရာမှာ မဟာဗောဓိပင်ကြီး၏ တောင်ဘက်ကိုင်းမှ ပြန့်ပွားသွားသော "ဒက္ခိဏသာခါမဟာဗောဓိ" ဖြစ်သည်။ မဇ္ဈိမဒေသတွင် တတိယသင်္ဂါယနာတင်ပွဲတော်ကြီး ကျင်းပအပြီး၌ အသောကမင်းကြီး၏သားတော် အရှင်မဟိန္ဒသည် သီဟိုဠ်ကျွန်းသို့ သာသနာပြုရန် ကြွရောက်တော်လာ၏။ ထိုအချိန်တွင် သီဟိုဠ်ကျွန်း၌ ရဟန်းမိန်းမ (ဘိက္ခုနီ) ပြုလိုသော နန်းတွင်းသူငါးရာအသင့်ရှိနေလေ၏။ သီဟိုဠ်ဘုရင်ဒေဝါနံပိယတိဿကလည်း လိုလားညွတ်ကိုင်းသည်။

ထို့ကြောင့် သင်္ဃမိတ္တာထေရီမအား ပင့်ဆောင့်ခဲ့ရန်နှင့် မဟာဗောဓိပင်တစ်ပင် သီဟိုဠ်ကျွန်းတွင် စိုက်ပျိုးကိုးကွယ်နိုင်ရေးအတွက် အရိဋ္ဌအမတ်အား တာဝန်ပေးကာ ပါဋ္ဌလိပုတ်ပြည်သို့ စေလွှတ်လိုက်၏။ အာသောကဘုရင်မင်းမြတ်လည်း အကြောင်းစုံသိလေလျှင် အရှင်မဟာမောဂ္ဂလိတိဿမထေရ်မြတ်အား အကြီးအမှူးပြုကာ မဟာ

mgyoe.com